# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ ပြာသိုလဆန်း (၃) ရက် ၊ စနေနေ့ ၊ (24-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၃၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က စုပေါင်းကျင်းပပြုလုပ်သည့် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ရွှေတိဂုံဘုရားလမ်းထောင့်ရှိ Holy Cathedral Church ၌ ကျင်းပပြုလုပ်ရာ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရ မေတ္တာလက်ဆောင် ပန်းချီကားကို ပေးအပ်စဉ်။**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# ဂုဏ်ပြုအပ်ပေ စိန်ရတုတပ်မတော်(ရေ)

တပ်မတော်(ရေ)သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခြင်းဖြစ်ပြီး ခေတ်အဆက်ဆက် ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်၊ ပြည်ပခြိမ်းခြောက်မှုများကို တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့်အတူ ပူးပေါင်းတွန်းလှန်ဖယ်ရှားအောင်မြင်ခဲ့သည့် အစဉ်အလာကောင်းများနှင့် ပြည့်စုံခဲ့သည်။ တပ်မတော်(ရေ)၏ဆောင်ပုဒ်မှာ "မြန်မာ့ပင်လယ် ဒို့ကာကွယ်"ဖြစ်သည်။ တပ်မတော်(ရေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယနေ့သည် တပ်မတော်(ရေ)ဖွဲ့စည်းတည်ထောင်ခြင်း ၇၅ နှစ် ပြည့်မြောက်ကာ စိန်ရတုကာလပင်တိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ရေပိုင်နက်သည် စတုရန်းမိုင်ပေါင်း ၁၄၀၀၀၀ ကျော်၊ ကမ်းရိုးတန်းရေမိုင် ၁၂၆၀ ကျော် ရှည်လျားသည့်အတွက် အပြောကျယ်လှသည့် ရေပိုင်နက်ကို ကာကွယ်ရန်မှာ စေ့စေ့စပ်စပ်ဖြင့် အသိတရား၊သတိတရားဖြင့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ ထို့ပြင် မြန်မာ့ပင်လယ်ပြင်ရှိ ကြွယ်ဝသည့် ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များ စောင့်ရှောက်ကာကွယ်ရေး၊ နိုင်ငံ၏ပင်လယ်ပြင်အခြေပြုစီးပွားရေးလုပ်ငန်းများ ဘေးကင်းလုံခြုံရေးနှင့်ကျူးကျော်လာမည့် ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုမှန်သမျှကို တွန်းလှန်ကာကွယ်ရေးသည် တပ်မတော်(ရေ)၏ အဓိကတာဝန်ပင်ဖြစ်သည်။

နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသောအာမခံချက်သည် စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစု တည်ဆောက်ပိုင်ဆိုင်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ အဆင့်မြှင့်တင်တည်ဆောက်ရာတွင် တပ်မတော်(ရေ)ကို ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ်အဖြစ်မျှော်မှန်းပြီး တည်ဆောက်ပေးရာတွင် ရေငုပ်သင်္ဘောတပ်ဖွဲ့တည်ဆောက်ပေးနိုင်ရန်၊ စစ်ရေယာဉ်များ တည်ဆောက်ဖြည့်တင်းနိုင်ရန်၊ လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လိုက်လျောညီထွေ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၄)နှစ်မြောက် တပ်မတော်(ရေ)နေ့ အထိမ်းအမှတ် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်စွာ) အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဟူသော ဆောင်ပုဒ်နှင့်အညီ တပ်မတော်(ရေ)၏ ရေတပ်သင်္ဘောကျင်း၌ာနချုပ်တွင် နိုင်ငံတကာအဆင့်မီ စစ်ရေယာဉ်များအား ဒီဇိုင်းရေးဆွဲတည်ဆောက်ခဲ့၏။ တပ်မတော်အကြီးအကဲများ၏ လိုအပ်ချက်များဖြည့်ဆည်းပံ့ပိုးမှု၊ တပ်မတော်(ရေ)အရာရှိ စစ်သည်များ၏ ဟန်ချက်ညီညီ ကြိုးပမ်းအားထုတ်မှုများကြောင့် အဆင့်အတန်းမီစစ်ရေယာဉ်များကို ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်လာနိုင်ခဲ့ရုံမျှမက ကုန်းရေနှစ်သွယ် ဘက်စုံသုံးစစ်ရေယာဉ်ကြီးများ၊ ရေငုပ်သင်္ဘောကြီးများပါ ပိုင်ဆိုင်သည်အထိ တိုးတက်ဖွံ့စည်းနိုင်ပြီဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်(ရေ)သည် နိုင်ငံ၏ ပင်လယ်ပြင်အခြေပြုစီးပွားရေးလုပ်ငန်းများ ဘေးကင်းလုံခြုံရေးနှင့် ကျူးကျော်လာမည့် ရေကြောင်းဆိုင်ရာခြိမ်းခြောက်မှုမှန်သမျှကို တွန်းလှန်ကာကွယ်ပြီး မြန်မာ့ပင်လယ်ပြင်နယ်နိမိတ်တစ်လျှောက် စိုးမိုးထိန်းချုပ်နိုင်သည့် စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်(ရေ)အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ဆက်လက်ရပ်တည်နိုင်ပါစေကြောင်း (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ရောဝတီမြစ်အတွင်း စဥ့်ကူးမြို့နယ် ဆည်သည်ရေလမ်းကြောင်းတွင် ရေလမ်းကြောင်းတိုင်းတာရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေ



**မန္တလေး ဒီဇင်ဘာ ၂၃**

ဧရာဝတီမြစ်အတွင်း စဥ့်ကူးမြို့နယ် ဆည်သည်ရေလမ်းကြောင်းတွင် ဒီဇင်ဘာ ၂၀ ရက်မှစ၍ ရေလမ်းကြောင်း တိုင်းတာရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး မြစ်ကြောင်း တိုင်းတာရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းခိုင်ဝင်းကပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ရေယာဉ်များသွားလာရာတွင် အဆင်ပြေစွာ သွားလာနိုင်ရေး၊ ရေကြောင်းကျပ်တည်းမည့်နေရာများကို သိရှိနိုင်ရေး၊ သောင်ထွန်းမည့် နေရာများကို သိရှိနိုင်ရေး ရေလမ်းကြောင်းကို စက်ကိရိယာများဖြင့် တိုင်းတာခြင်းဖြစ်ကြောင်း သိရသည်။

"မန္တလေးရေလမ်းကြောင်းကိုတော့ တိုင်းတာလို့ပြီးသွားပါပြီ။ ဧရာဝတီမြစ် မန္တလေးရေလမ်းကြောင်းမှာတော့ အခုရေနည်းချိန်မှာ သောင်ထွန်းမှုတွေ သိပ်မဖြစ်ပေါ်နိုင်ဘူး။ ရေကြောင်းကျပ်တည်းတဲ့နေရာတွေလဲ မရှိနိုင်ပါဘူး။ ဒီဇင်ဘာ ၂၀ ရက်ကစပြီးတော့ စဥ့်ကူးမြို့နယ် ဆည်သည်ရေလမ်းကြောင်းမှာ သောင်ထွန်းမှုနဲ့ရေလမ်းကြောင်းအခြေအနေတွေကိုစတင်တိုင်းတာနေပါပြီ။ ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းတိုင်းတာတဲ့လုပ်ငန်းမှာ အဓိကကတော့ ရေကျချိန်မှာ ဘယ်နေရာတွေမှာ သောင်အများဆုံး ဖြစ်ထွန်းနိုင်တယ်။ ရေအနက်နည်းတဲ့နေရာတွေက ဘယ်နေရာတွေမှာလဲဆိုပြီး ကြိုတင်သိရအောင်လို့ မြစ်ကြောင်းတိုင်းတာရေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းခိုင်ဝင်းက ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ကာလပေါက်ဈေး ခေါ် ဈေးထက် ဈေးလျှော့ရောင်းချနေမှုများရှိသော်လည်း အရောင်းအဝယ်ဖြစ်မှု အလွန်နည်းပါးနေသေးကြောင်း၊ အရောင်းအဝယ်ပိုင်းသိသိသာသာ မြင့်တက်လာခြင်းမရှိသေးသော်လည်း တိုက်ခန်းဝယ်ယူမှုကို ပို၍ စိတ်ဝင်စားလာကြကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

တိုက်ခန်းများတွင် အရစ်ကျရောင်းပေးသော တိုက်ခန်းများကိုသာ စိတ်ဝင်စားမှုရှိနေပြီး အမြင့်ဈေးများဖြင့် ရပ်တည်နေသော မြို့သစ်ပိုင်းမြေကွက်များသည် ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှု ကြီးမားသူတို့၏ ဈေးကွက်တစ်ခုအဖြစ်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

"အိမ်ခြံမြေ အရောင်းအဝယ်က လက်ရှိအချိန်ထိ သိသိသာသာ ပြောင်းလဲမလာသေးဘူး။ အချို့နေရာတွေဆိုရင် ခေါ်ဈေးထက်ကို ဈေးလျှော့ရောင်းနေကြတာတောင် အဝယ်နည်းတယ်။ လက်ရှိအနေအထားမှာက ရောင်းချင်တာတွေ ပိုများနေတယ်။ ဒီနှစ်ထဲမှာ အိမ်ခြံမြေကဏ္ဍကို ပြည်ပရင်းနှီးမြှုပ်နှံမှုထက် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုသာ ရှိနေတော့ ထင်သလောက်ဖြစ်မလာသေးတာပေါ့။ တိုက်ခန်းတွေကိုတော့ စိတ်ဝင်စားလာကြတယ်"ဟု ပြည်ကြီးတံခွန်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

အငှားဈေးကွက်တွင် လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သည့် အဓိကလမ်းမကြီးများပေါ်ရှိ အဆောက်အအုံပါနေရာများနှင့် ဈေး၊ ကျောင်းနားနီးသော ရပ်ကွက်များတွင် အငှားလိုက်နေကြောင်း သိရသည်။

ထို့အတူ တန်ဖိုးနည်း အကွက်ရိုက်မြေကွက်များအပြင် တန်ဖိုးသင့်နေအိမ်ပါပြီး မြို့တွင်းပိုင်းမြေကွက်များလည်း မေးမြန်းဝယ်ယူမှု အနည်းငယ်ရှိလာကြောင်း၊ အကွက်ရိုက်မြေကွက်များမှာ မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းကြောင့် အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူနေကြကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်သို့ အထွက်တိုးပြောင်း(ရွှေနီ)များ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးဈေးကွက်သို့ အထွက်တိုးပြောင်း(ရွှေနီ)များ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

အထွက်တိုးပြောင်း(ရွှေနီ)မှာ နှံစားပြောင်းအုပ်စုတွင် ပါဝင်ပြီး ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ ဝယ်ယူမှုများပြားကြောင်း၊ ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အထွက်တိုးပြောင်း (ရွှေနီ) အထွက်တိုးပြောင်း(ရွှေနီ)က တစ်ကတော့ နှံစားသီးနှံအမျိုးအစားထဲမှာပါဝင်ပါတယ်။ ပြည်ပကလာတဲ့မျိုးလဲဖြစ်ပါတယ်။ အနံ့ကနေထွက်ရှိတဲ့သီးနှံဖြစ်ပါတယ်။ အထက်အညာဒေသတွေမှာ တွင်တွင်ကျယ်ကျယ်စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းပါတယ်။ ရာသီဥတုဒဏ်လဲ ခံနိုင်တာကြောင့် အညာဒေသနဲ့ သင့်တော်တဲ့မျိုး ဖြစ်ပါတယ်။ ပြည်တွင်းမှာလဲ မိုးမိတ်၊ မိုးကုတ်နဲ့ မိုင်းလုံဒေသတွေက အဓိကဝယ်ယူကြသလို နှစ်စဉ်လိုလို တရုတ်နိုင်ငံကလဲ ဝယ်ယူပါတယ်။ အဲဒီလို ဝယ်ယူနေတာကြောင့် ဈေးနှုန်းတွေ မြင့်တက်နေတာဖြစ်တယ်။ နှစ်ကို တစ်ရာသီပဲ အများဆုံးစိုက်ပျိုးကြပါတယ်။ ဈေးနှုန်းကမြင့်တက်လာဖို့ရှိပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

လက်ရှိတွင် မန္တလေးဈေးကွက်အတွင်း ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်း၊ တောင်သာ၊ မြင်းခြံ၊ မလှိုင်၊ မုံရွာစသည့်ဒေသများမှ အထွက်တိုးပြောင်း(ရွှေနီ)များ လှိုင်လှိုင်ဝင်ရောက်လျက်ရှိကြောင်း၊ အထွက်တိုးပြောင်း(ရွှေနီ)ကိုမန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မချမ်းဘော့မြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု စစ်ဆေး

**မချမ်းဘော့ ဒီဇင်ဘာ ၂၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရေးအဆင်ပြေစေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်၊ မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ဆင်လွမ်ဒမ်း-၁ ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၆၈၈ သန်းဖြင့် လမ်းအရှည် ပေ ၃၃၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းသဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်းဖြင့် အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက ဆင်လွမ်ဒမ်း-၂ ကျေးရွာ၌ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၃၅ ဒသမ ၄၄ သန်းဖြင့် လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က ပြောပြ၍ သိရသည်။

**အေးသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးအေးမောင်-ဒေါ်မြသန်း မိသားစုက နှစ်ပတ်မိဘများအားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဒေါ်စင်ဦးကြည်က လက်ခံရယူစဉ်။

# သာပေါင်းမြို့နယ်တွင် မိုးရာသီကစိုက်ပျိုးခဲ့သည့် မိုးစပါး ၆၈၂၉၇ ဧက ရိတ်သိမ်းပြီးစီး



**သာပေါင်း ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၆၈၂၉၇ ဧကကိုပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ သာပေါင်းမြို့နယ်တွင် မိုးစပါး ၆၈၂၉၇ ဧကကို ဇွန်လ ပထမပတ်ကစတင်စိုက်ပျိုးခဲ့ပြီး နိုဝင်ဘာလ ပထမပတ်က ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းခဲ့သည့် မိုးစပါးများ တစ်ဧကလျှင် တင်း ၉၀ ထိ ထွက်ရှိပြီး ယခင်နှစ် မိုးစပါးစိုက်ပျိုးရာသီက စပါးတစ်ဧကလျှင် တင်း ၈၀ ကျော်သာ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ခုနှစ်အတွက် မိုးစပါးကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုနှစ် တောင်သူတွေ မိုးစပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သွင်းအားစုတွေကို ပံ့ပိုးပေးခဲ့ပါတယ်။ မိုးစပါးကို အထွက်နှုန်းကောင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးခဲ့တယ်။ အခုပြန်လည်ရိတ်သိမ်းတဲ့အခါ စပါးတွေ အထွက်နှုန်းကောင်းပါတယ်။ လက်ရှိ မိုးစပါးတွေအားလုံး ပြန်လည်ရိတ်သိမ်းပြီဖြစ်ပါတယ်။ အချို့စောစောရိတ်ခဲ့တဲ့ တောင်သူတွေ ဆောင်းသီးနှံတွေ စိုက်ဖို့ လုပ်နေတယ်"ဟု သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က ပြောပြသည်။

အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ရွှေခရုဖျက်ဆီးမှုမရှိစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးရေးနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ စနစ်တကျပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့တယ်။ ဒီနှစ်မိုးစပါးကို သီးထပ်ရင် စပါးအမျိုးအစားအများဆုံးစိုက်ပျိုးကြတယ်။ လာမဲ့ နွေစပါးစိုက်ရာသီမှာလဲ နည်းပညာတွေနဲ့ အခြားလိုအပ်တဲ့ သွင်းအားစုတွေအသုံးပြုနိုင်ဖို့ ကူညီပေးစေချင်တယ်။ စိုက်ပျိုးရေးနည်းပညာတွေကိုလဲ သရုပ်ပြဆောင်ရွက်ခြင်းတွေ ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါတယ်"ဟု သာပေါင်းမြို့နယ်မှ တောင်သူ ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်မဲမြို့နယ် ဟဲပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်မဲ ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျောင်းကျေးရွာအုပ်စု ဟဲပုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝတ်မှုန်ထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဟဲပုကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ရန် အသင်းသား၊အသင်းသူဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျောက်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝတ်မှုန်ထွေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အသင်းသား၊အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မြောက်ဦးမြို့နယ် သံချောင်း(ဟောင်း)ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


**မြောက်ဦး ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် သံချောင်း(ဟောင်း)ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ သံချောင်း(ဟောင်း) ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သံချောင်း (ဟောင်း)ကျေးရွာ၌ အလျားပေ ၁၀၀၊ အနံပေ ၁၀၀၊ အနက်သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်း၊ အရှည်ပေ ၇၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် တာရာလင်း လက်ထွန်းကုမ္ပဏီက တာဝန်ယူ၍ စက်တင်ဘာ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၆ အိမ်၊ လူ ၄၆၃ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက ပြောပြ၍ သိရသည်။

**ကိုသန်း**



# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုပါ၏

**❖ အတိတ်သမိုင်းကြောင်းအရ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်သွေးကြောသဖွယ်ဖြစ်သဖြင့် နှစ်စဉ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို နိုင်ငံရေးဦးတည်ချက်များချမှတ်ကာ အနှစ်သာရ ပြည့်ဝစွာကျင်းပလျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ရက်တွင်ကျရောက်မည့် လွတ်လပ်ရေးနေ့သည် (၇၅)နှစ်ပြည့်မြောက်သည့် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သဖြင့် ထူးခြားလေးနက်သည့်နေ့တစ်နေ့ဖြစ်သည်။ ❖**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ထူးမြတ်သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည်။

အမိမြန်မာနိုင်ငံသည် ရှေးနှစ်သန်းပေါင်း ၄၀ ကျော်ကတည်းက ရှေးဦးလူသားများ၏ရုပ်ကြွင်းများ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များ၏လူ့အသုံး အဆောင်ပစ္စည်းအထောက်အထားများအရ ခိုင်မာစွာ တည်ရှိခဲ့ပြီး နိုင်ငံတော်အတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားမျိုး နွယ်စုအားလုံး အေးအတူပူအမျှ အတူတကွ မှီတင်း နေထိုင်လာကြသူများဖြစ်သည်။ အသီးတစ်ရာ အညှာ တစ်ခုဆိုသည့် စကားကဲ့သို့ပင် မြန်မာနိုင်ငံအတွင်း ခေတ်သမိုင်းအဆက်ဆက် အတူလက်တွဲနေထိုင်ခဲ့ကြ သည့် သမိုင်းကြောင်းများ အခိုင်အမာရှိခဲ့သည်။

မြန်မာဟူသောအမည်သည် တိုင်းရင်းသားလူမျိုး တစ်မျိုးတည်းကိုသာ ရည်ညွှန်းကိုယ်စားပြုခြင်း မဟုတ်ပါ။ မြန်မာဆိုသည်မှာ မြန်မာနိုင်ငံတွင် အစဉ် အဆက်နေထိုင်ခဲ့ကြသော တိုင်းရင်းသားများကို ခြုံခေါ်သောအမည်ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း အစဉ်အဆက်မှီတင်းနေထိုင်ခဲ့ကြသည့် တိုင်းရင်းသား များသည် မြန်မာများဖြစ်ကြသည်။ မြန်မာဟူသော အမည်သည် တိုင်းရင်းသားအားလုံး၏ အများဆိုင် အမည်ဖြစ်သည်။

မြန်မာဟူသည့်ဝေါဟာရအနက်ကို ဦးမောင်မောင် တင်ပြုစုသည့် ရွှေနန်းသုံးဝေါဟာရအဘိဓာန်တွင် မြန်=စစ်ချီစစ်တက်ခြင်းမှစ၍ ခက်ခဲသောအရေး အကြောင်းနှင့်တွေ့ဆုံကြုံကြိုက်သည့်အခါ ဤအရေး ကို ပြီးစီးအောင်မြင်စေရန် ဇဝနဉာဏ်၊ တဲ်ဏှုပ္ပတ္တိ ဉာဏ်တို့ဖြင့် လျင်မြန်စွာကြံစည်တတ်သောသတ္တိဂုဏ် နှင့်ပြည့်စုံခြင်း။ မာ=မည်သည့်အရာကိုစွမဆို လိုရာ ဆန္ဒအာသီသနှလုံးသွင်းအတိုင်း ပေါက်မြောက်အောင် မလျှော့သောလုံ့လဖြင့် ဇာတိသွေး၊ ဇာတိမာန် ခက်ထန်တင်းမာသောစိတ်ရင်းသတ္တိဂုဏ်နှင့် ပြည့်စုံ ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားတို့သည် ကမ္ဘာပေါ်တွင် ထင်ရှား သည့် အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားစွာနေထိုင်ခဲ့ကြ သည်မှာ ထင်ရှားလှသည်။

မြန်မာနိုင်ငံသည် တည်တံ့ခိုင်မြဲသောရေမြေ ပိုင်နက်နယ်နိမိတ်နှင့် ခိုင်မာသည့်လူမျိုးသမိုင်းကြောင်း၊ နိုင်ငံသမိုင်းကြောင်းတို့ဖြင့် အခိုင်အမာတည်ရှိသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်ပထဝီအနေအထားများညီညွတ် မျှတကောင်းမွန်ခြင်း၊ အဖိုးတန်သဘာဝတွင်းထွက် သယံဇာတများပေါများခြင်း၊ စိုက်ပျိုးမြေများ၊ စားကျက် မြေများ၊ သစ်တောကြီးများ၊ ရှည်လျားသည့်ပင်လယ် ကမ်းနီးကမ်းဝေးရေထွက်ပစ္စည်းများ ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များတွင် မတရားကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲသိမ်းပိုက်ခဲ့သည်။ အဆိုပါကျူးကျော်စစ်များကြောင့် တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားအားလုံး သူကျွန်ဘဝသို့ ရောက်ခဲ့ရ သည်။ ကျွန်ဆိုသည်မှာ သူတစ်ပါး၏စိုးပိုင်စေခိုင်းခြင်း ခံရသည်ဖြစ်ရာ တိုင်းရင်းသားအားလုံးတို့၏ လွတ်လပ် ရေးနှင့် အချုပ်အခြာအာဏာများ လက်လွတ်ဆုံးရှုံး ကာ နယ်ချဲ့လက်အောက်ကျွန်ဘဝသို့ ရောက်သွားခဲ့ ရပေသည်။

မြန်မာတိုင်းရင်းသားအားလုံးသည်သူကျွန်အဖြစ် နှံနှစ်မခံအားမာန်မလျှော့ဘဲ နေရာဒေသအသီးသီးမှ ရရာလက်နက်ကိုစွဲကိုင်ကာ ဆုံးရှုံးသွားသောလွတ်လပ် ရေးကို ပြန်လည်ရရှိရန် အသက်သွေးချွေးများစွာ ရင်းနှီးစိုက်ထုတ်၍ နယ်ချဲ့တို့ကို ခုခံတိုက်ခိုက်ခဲ့ကြ သည်။ သို့သော် စုစည်းမှုအားနည်းခြင်း၊ လက်နက်များ ခေတ်မမီခြင်းစသည့်အချက်များကြောင့် အောင်မြင်မှု မရနိုင်ဘဲ သူကျွန်ဘဝတွင် နှစ်ပေါင်း ၁၀၀ ကျော် ဖိနှိပ်ချုပ်ချယ်အုပ်စိုးခြင်းကို ခါးစည်းခံခဲ့ကြရ ပါတော့သည်။

ကျွန်ပြုအုပ်ချုပ်နေစဉ်အတွင်း နယ်ချဲ့စနစ်အခြေ ခိုင်မြဲရေးအတွက် တိုင်းရင်းသားအချင်းချင်းစိတ်ဝမ်း ကွဲစေရန် သွေးခွဲအုပ်ချုပ်ခဲ့သည်။ အမိမြေပေါ်တွင် လာရောက်ကျူးကျော်ရုံသာမက တိုင်းရင်းသားများ အပေါ် လူခွန်ကောက်ခြင်း၊ နိုင်ငံတော်၏အဖိုးတန် သဘာဝတွင်းထွက်ပစ္စည်းများ၊ သစ်တောကြီးများကို ထုတ်ယူရောင်းစားခြင်းများ ပြုလုပ်ခဲ့ကြသည်။

တိုင်းရင်းသားများညီညွတ်ကြပြီး စည်းလုံးသွား ပါက စုပေါင်း၍ ပြန်လည်တော်လှန်တိုက်ခိုက်မည်ကို သိထားသည်နှင့်အမျှ တောင်တန်းနှင့်မြေပြန့်ဒေသများ စုစည်းခွင့်မရအောင် သွေးခွဲအုပ်ချုပ်ခဲ့သည်။ တိုင်းရင်း သားအချင်းချင်း သံသယစိတ်များကိန်းအောင်းစေရန်၊ စည်းလုံးညီညွတ်မှုပြိုကွဲစေရန်နှင့် စိတ်ဝမ်းကွဲစေရန် စနစ်တကျစီစဉ်ဆောင်ရွက်ခဲ့သည်။

တိုင်းရင်းသားများကလည်း သူကျွန်ဘဝတွင်နေရ ခြင်းထက် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း သေရသည်ကမြတ်သည်ဆိုသည့် သူကျွန်မခံစိတ်ဓာတ် များဖြင့် နည်းမျိုးစုံတိုက်ပွဲဝင်ခဲ့ကြပေသည်။ ဆီးဘန်နီဆရာတော်က "ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်း သုညာ၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ သြော်. . . ကောင်း၏။"ဟူသော တမ်းချင်းဖြင့် သူကျွန်မခံလိုသောစိတ်များ ကိန်းအောင်းနေစေရန် နှိုးဆော်တိုက်တွန်းခဲ့သည်။

နယ်ချဲ့တို့ကလည်း ကျွန်သက်ရှည်စေမည့်အစီ အမံများကိုချမှတ်ကာ နည်းအမျိုးမျိုးအသုံးပြု၍ ဖိနှိပ် အုပ်ချုပ်ခဲ့ကြသည်။

စုစည်းမှုမရှိသောလက်နက်ကိုင်ဆန့်ကျင်တော်လှန် သောတိုက်ပွဲများသည် အောင်မြင်မှုမရသဖြင့် စစ်ရေး အရ လက်နက်ကိုင်တိုက်ပွဲနည်းမှ နိုင်ငံရေးနည်းကို ပြောင်းလဲတိုက်ပွဲဝင်ခဲ့ကြသည်။ ဝိုင်အမ်ဘီအေ၊ ဂျီစီ ဘီအေကဲ့သို့သော အသင်းအဖွဲ့များ ဦးဆောင်မှု အောက်တွင် နိုင်ငံရေးနည်းလမ်းများဖြင့် ဆက်လက် တိုက်ပွဲဝင်ခဲ့ကြသည်။ ဂျီစီဘီအေ၏ လှုံ့ဆော်မှုဖြင့် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက် ဆရာစံဦးဆောင် သော သာယာဝတီနယ်မှ တောင်သူလယ်သမားများ၏ လက်နက်ကိုင်တော်လှန်ရေးသည် ထင်ရှားသည့်နယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲကြီးအဖြစ် ထင်ရှားခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံး ပေါ်ပေါက်လာပြီး တိုင်းရင်းသားအားလုံးစည်းလုံး ညီညွတ်စွာဖြင့် နယ်ချဲ့တို့ကို ဆန့်ကျင်ခဲ့ကြသည်။ ၁၃၀၀ ပြည့် ရေနံမြေအလုပ်သမားအရေးတော်ပုံကြီး သည် မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေး နိုင်ငံရေး အုံကြွမှုကြီးဖြစ်ခဲ့သည်။

တစ်ဖန် နိုင်ငံရေးနည်းလမ်းဖြင့် လွတ်လပ်ရေးကို တောင်းဆို၍ မရနိုင်ဘဲ လက်နက်ကိုင်တော်လှန်မှသာ ရနိုင်မည်ကို တို့ဗမာအစည်းအရုံးနှင့် ပြည်သူ့အရေး တော်ပုံပါတီဝင်များက ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၄၁ ခုနှစ် ဩဂုတ်လတွင် သခင်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ဂျပန်နိုင်ငံသို့သွားရောက်၍ စစ်ပညာများသင်ကြားပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ဖွဲ့စည်းခဲ့ကာ နယ်ချဲ့ဗြိတိသျှတို့ကို တိုက်ထုတ်ခဲ့ကြ သည်။ သို့ရာတွင် ဘီအိုင်အေတပ်နှင့်အတူပါလာသော ဂျပန်တို့သည် မော်လမြိုင်မြို့ကို သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးပါမည် ဟု မူလက သဘောတူညီထားသော်လည်း ရန်ကုန် မြို့ကိုသိမ်းပြီးသည့်တိုင်အောင် လွတ်လပ်ရေးမပေးခြင်း ကြောင့် ဖက်ဆစ်ဂျပန်တို့၏ ဆက်လက်ဖိနှိပ်မှုကို ထပ်မံခံစားကြရပြန်သည်။

ထို့ကြောင့် ၁၉၄၅ ခုနှစ် မတ် ၂၇ရက်တွင် ဗမာ့ လွတ်လပ်ရေးတပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးက ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးတွင် တိုင်းရင်းသားအားလုံး သည် တပ်မတော်နှင့်အတူလက်တွဲ၍ နိုင်ငံရေးအသိ နိုးကြားတက်ကြွစွာ ပါဝင်ခဲ့ကြသဖြင့် ဖက်ဆစ်တော် လှန်ရေးကြီးအောင်မြင်မှုရခဲ့ပေသည်။

၁၉၄၇ ခုနှစ် နှစ်ဦးပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်ဗြိတိသျှ အစိုးရတို့ အင်္ဂလန်တွင် လွတ်လပ်ရေးအတွက် ဆွေး နွေးကြသောအခါ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံ ကို လွတ်လပ်ရေးပေးမည်ဆိုလျှင် ရှမ်းပြည်နယ်အပါ အဝင် တောင်တန်းဒေသများကိုပါ တစ်ပေါင်းတည်း ပေးရန် တောင်းဆိုသည်။ နယ်ချဲ့တို့၏ သွေးခွဲမှုကို လွှမ်းမိုးစွာလက်ခံသော ရှမ်းစော်ဘွားတချို့ကြောင့် အထစ်အငေါ့ဖြစ်ခဲ့ရသည်။ သို့ရာတွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံစာချုပ်ကိုအောင်မြင် စွာချုပ်ဆိုနိုင်ခဲ့ပြီး ပင်လုံညီလာခံမှချမှတ်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို အခြေခံ ကာ ဆက်လက်ကြိုးပမ်းခဲ့မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်န ဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နိုင် ခဲ့ပေပြီ။

နိုင်ငံတော်၏ အချုပ်အခြာအာဏာလက်လွတ် ဆုံးရှုံးသွားသည့်ကာလသည် နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ခဲ့သည်။ လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းရာတွင် သူကျွန်မခံလိုသည့် တိုင်းရင်းသား ပြည်သူအပေါင်းတို့၏ အသက်သွေးချွေးများစွာကို စတေးခဲ့ရပြီး တိုင်းရင်းသားအားလုံး၏ စည်းလုံး ညီညွတ်မှုကြောင့် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံး တို့သည် လွတ်လပ်ရေး၏အနှစ်သာရကိုအလေးအမြတ် တန်ဖိုးထား၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြ ရပေမည်။

အတိတ်သမိုင်းကြောင်းအရ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် တိုင်းရင်း သားပြည်သူတစ်ရပ်လုံး၏ အသက်သွေးကြောသဖွယ် ဖြစ်သဖြင့် နှစ်စဉ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို နိုင်ငံရေးဦးတည်ချက်များချမှတ် ကာ အနှစ်သာရပြည့်ဝစွာကျင်းပလျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ရက်တွင်ကျရောက်မည့် လွတ်လပ် ရေးနေ့သည် (၇၅) နှစ်ပြည့်မြောက်သည့် စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်သဖြင့် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်သည်။ စိန်ရတုလွတ်လပ်ရေးနေ့ကို လည်း အောက်ပါအမျိုးသားရေးဦးတည်ချက်(၅)ရပ် ချမှတ်၍ နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ကျင်းပသွား မည်ဖြစ်သည်။

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာ ဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များ အဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထု အကျိုးကိုရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန် သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝ တည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည် ထောင်စုငြိမ်းချမ်းရေးကိုခိုင်မာသည့်သန္နိဋ္ဌာန် ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲကို အောင် မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး ကို အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေး ကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

သို့ဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအနေဖြင့် အထက်ပါထူးခြားလေးနက် သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ အောင်မြင်ရေးအတွက် ကျရာနေရာမှ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင် ကြစေလိုကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– **ပြည်ထောင်စုစိတ်ဓာတ်၊**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

**ကိုယဉ်ချစ်(မန္တလေး)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဒီဇင်ဘာ အားကစားပွဲ

\- ဒီဇင်ဘာ အားကစားပွဲ
မနားဘဲ တို့ယှဉ်ပြိုင်၊
ရည်ရွယ်ရာ ဖွဲ့ခိုင်မတ်ရင်
မြတ်မဲ့ အနိုင်၊
အရှုံးနဲ့ ရင်ဆိုင်
ငိုင်တွေဖို့ မနေအား၊
ဒီဇင်ဘာ ကစားပွဲမှာ
ကြည်ရွှင်စွာ တအားနွဲ
ရဲကြစို့လား။

\- ကိုယ်လက်လှုပ်ရှားတော့
သွေးသားတို့ ညီညွတ်လာ၊
ကျန်းမာရေး အမှန်ကောင်းလို့
သံချောင်းလို မာ၊
မဖက်တဲ့ ဇရာ
ထာဝရ နုပျိုလန်း၊
ဒီဇင်ဘာ နှင်းထဲမှာ
ပြည်ခွင်မှာ လက်ချင်းတွဲဖို့
နွဲပြိုင်လက်ကမ်း။

\- အနိုင်ကို အတူမှန်းလို့
လှမ်းလျှောက်စို့ စုံစုံညီ၊
ဒီဇင်ဘာ ချမ်းအေးမှုကို
အန်တုလို့ ချီ၊
ကြံ့ခိုင်တဲ့ မြန်မာပြည်
စည်ပါတဲ့ ခွန်အား၊
အားကစားလ ဒီဇင်ဘာတဲ့
ကြည်လင်စွာ နှင်းခွဲဖို့
နေခြည်ဖြာ အလင်းကဲသလို
ပြည်တစ်ခွင်မှာ လက်ချင်းတွဲ၊
အို့ . .
နွဲကြစို့တကား။ ။

**လွမ်းလေးကို(သရက်)**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၇၁၂ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၇၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး စက်တင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပူးစားပြောင်း ၇၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျွန်းလှမြို့နယ်အတွင်း ပူးစားပြောင်းဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပူးစားပြောင်းဧက ၇၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ပူးစားပြောင်း စိုက်ပျိုးမှုကတော့ ပုံမှန်ပါပဲ။ ပူးစားပြောင်းကို မြေအောက်ရေ၊ ချောင်းရေတင်စနစ်နဲ့စိုက်ကြတာပါ။ မိုးမှာကျတော့ ပူးစားပြောင်းကိုမစိုက်ကြပါဘူး။ အစေ့ထုတ်ပြောင်းပဲ စိုက်ကြတာပါ။ အခုဆောင်းသီးနှံစိုက်ပျိုးရာသီမှာကျတော့ ပူးစားပြောင်းပဲစိုက်ကြတာပါ။ ၂၀၁၈ ခုနှစ်က ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်း စိုက်ခဲ့တယ်။ ဒါပေမဲ့ ဖောင်မြှောင်တောင်ပိုး ကျရောက်ခဲ့တာကြောင့် ပူးစားပြောင်းကိုပဲ စိုက်ကြတာပါ"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက ၁၄၀၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# မင်းဘူးမြို့နယ် အလံပါယ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မင်းဘူး ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အလံပါယ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက အလံပါယ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မင်းဘူးမြို့နယ် အလံပါယ်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရေမြေခင်း၍ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၂ သန်းဖြင့် တင်ဒါအောင်မြင်သည့်အောင်ဇေကုမ္ပဏီက တာဝန်ယူ၍ ဇွန်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အလံပါယ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**စင်မာ**

# ဘားအံမြို့၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့် GIS ရေးဆွဲနည်းသင်တန်းဖွင့်

**ဘားအံ ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေးနှင့် လုပ်ငန်းခွင်တွင် ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်GISရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချမည့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး လက်တွေ့နယ်ပယ်နှင့် လုပ်ငန်းခွင်များတွင် အကျိုးရှိရှိအသုံးချနိုင်ရန် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်တန်းနည်းပြဆရာဦးစိုးမင်းမောင်က သင်တန်းတွင် သင်ကြားပို့ချပေးမည့်ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ကရင်ပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်များမှ သင်တန်းသား၊သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင်စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုးမိုးကျော်**

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းစစ်ရေးပဋိပက္ခ အဆုံးသတ်ရန် ဆန္ဒရှိကြောင်း သမ္မတပူတင်ပြောကြား

**မော်စကို ဒီဇင်ဘာ ၂၃**

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းစစ်ရေးပဋိပက္ခကို အဆုံးသတ်ရန် ဆန္ဒရှိပြီး ထိုသို့ အဆုံးသတ်ရေးအတွက် သံတမန်နည်းလမ်းအရ ဖြေရှင်းရေးလမ်းစဉ်ကို မဖြစ်မနေ ကျင့်သုံးရလိမ့်မည် ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က ယနေ့တွင် ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီး အမေရိကန်နိုင်ငံသို့သွားရောက်၍ သမ္မတ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တစ်ရက်အကြာတွင် ရုရှား သမ္မတက ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိတို့၏ ရည်မှန်းချက်မှာ စစ်ရေးပဋိပက္ခရဟတ်မီး လည်ပတ်မှုကို ဖြတ်တောက်ရေးဖြစ်ကြောင်း၊ သို့သော်လည်း ယူကရိန်းစစ်ရေးပဋိပက္ခအဆုံးသတ်ရေးအတွက် ကြိုးစားရလိမ့်မည်ဖြစ်ကြောင်း သမ္မတပူတင်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် တွေ့ဆုံဆွေးနွေးရေးအတွက် လမ်းဖွင့်ထားသော်လည်း ယူကရိန်းအစိုးရက တွေ့ဆုံဆွေးနွေးရေးကို ငြင်းပယ်နေကြောင်း ရုရှားအစိုးရက ပြောကြားထားသည်။

ရုရှားနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံက ယူကရိန်းသို့ ဖြည့်ဆည်းပေးရန် ကတိပြုထားသည့် ပက်ထရီးယော့စ်လေကြောင်းရန် ကာကွယ်ရေးစနစ်ကို တုံ့ပြန်ရေးအတွက် နည်းလမ်း ရှာမည်ဖြစ်ကြောင်း၊ ထို့ပြင် အနောက်အုပ်စုနိုင်ငံများက ရုရှားရေနံပို့ကုန်များကို အမြင့်ဆုံးပေးရမည့်ဈေးနှုန်း သတ်မှတ်ထားမှုကြောင့် ရုရှားစီးပွားရေး ထိခိုက်လိမ့်မည်မဟုတ်ကြောင်း၊ အဆိုပါလုပ်ရပ်ကို တုံ့ပြန်ရေးအတွက် မိမိအနေဖြင့် လာမည့် သီတင်းပတ်အတွင်း အမိန့်ဒီကရီတစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဟု သမ္မတပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# အမေရိကန်၌ နှင်းမုန်တိုင်းတစ်ခုကြောင့် လေကြောင်းခရီးစဉ် ၄၄၀၀ ကျော် ဖျက်သိမ်းခဲ့ရ

**နယူးယောက် ဒီဇင်ဘာ ၂၃**

အင်အားပြင်းထန်သော နှင်းမုန်တိုင်းတစ်ခု တိုက်ခတ်နေမှုကြောင့် အမေရိကန်နိုင်ငံတစ်ဝန်း၌ နှစ်ရက်တာကာလအတွင်း လေကြောင်း ခရီးစဉ် ၄၄၀၀ ကျော် ဖျက်သိမ်းခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နှင်းမုန်တိုင်း တိုက်ခတ်ချိန်သည် အမေရိကန်နိုင်ငံ၌ အလုပ်အများဆုံးခရီးသွားရာသီဖြစ်သည့် ခရစ္စမတ်အားလပ်ရက်ကာလနှင့် တိုက်ဆိုင်လျက်ရှိသည်။

နှင်းမုန်တိုင်းကြောင့် အမေရိကန်နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာ ၂၂ ရက်တွင် လေကြောင်းခရီးစဉ် ၂၃၅၀ ဖျက်သိမ်းခဲ့ရပြီး ယနေ့တွင် လေကြောင်းခရီးစဉ် ၂၀၂၀ ထိ ဖျက်သိမ်းခဲ့ရသည်။

ထို့ပြင် နှင်းမုန်တိုင်းကြောင့် ပျံသန်းထွက်ခွာချိန်များ နှောင့်နှေးကြန့်ကြာခဲ့ရသည့် လေကြောင်းခရီးစဉ်မှာ ဒီဇင်ဘာ ၂၂ ရက်တွင် ၈၄၅၀ ထိ ရှိခဲ့ကြောင်း သိရသည်။

လက်ရှိ တိုက်ခတ်နေသော နှင်းမုန်တိုင်းသည် အာတိတ်ဒေသမှ လေအေးစီးကြောင်းများကို အမေရိကန်အနောက်အလယ်ပိုင်းဒေသအတွင်းသို့ တွန်းပို့ခဲ့ရာ ချီကာဂို၊ ဒက်ထရွိုက် စသည့်မြို့ကြီးများ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်နိုင်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

KKO



# တရုတ်နှင့် ရုရှားရေတပ်စစ်သင်္ဘောများ အရှေ့တရုတ်ပင်လယ်ဒေသ၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်



**မော်စကို ဒီဇင်ဘာ ၂၃**

ရုရှားနှင့်တရုတ်စစ်သင်္ဘောများသည် ဒီဇင်ဘာ ၂၂ ရက်တွင် အရှေ့တရုတ်ပင်လယ်ဒေသ၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၂၁ ရက်တွင် စတင်ခဲ့သည့် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဗားယက်ဂ် အမည်ရှိ ဒုံးကျည်တင် တိုက်သင်္ဘောအပါအဝင် ရုရှားစစ်သင်္ဘော လေးစီး ပါဝင်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အလားတူ တရုတ်ရေတပ်မှ ဖျက်သင်္ဘောနှစ်စီး၊ ဒီဇယ်လျှပ်စစ်စွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီး အပြင် အခြားစစ်သင်္ဘောများလည်း အဆိုပါစစ်ရေးလေ့ကျင့်မှု၌ ပါဝင်နေကြောင်း သိရသည်။

ရုရှား-တရုတ် နှစ်နိုင်ငံရေတပ် ပူးတွဲ စစ်ရေးလေ့ကျင့်မှုများ၏ ရည်ရွယ်ချက်မှာ အာရှ-ပစိဖိတ်ဒေသ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးရေးဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့် နှစ်များအတွင်း တရုတ်နှင့်ရုရှားတို့ကြား ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာခဲ့ပြီး နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပုံမှန်ပြုလုပ်လာနိုင်ခဲ့ကြသည်။

ထို့ပြင် နိုဝင်ဘာလကလည်း ရုရှားလေတပ်မှ တီယူ-၉၅ မဟာဗျူဟာဗုံးကြဲလေယာဉ်များနှင့် တရုတ်လေတပ်မှ အိတ်ချ်-၆ ကေ အမျိုးအစား ဗုံးကြဲလေယာဉ်များသည် ဂျပန်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်တို့၌ ကင်းလှည့်ပျံသန်းမှုများပြုလုပ်ခဲ့ကြသည်။ KKO

# တရုတ်နှင့်အိန္ဒိယတပ်မှူးများ (၁၇) ကြိမ်မြောက် နှစ်နိုင်ငံ နယ်စပ်ဆွေးနွေးပွဲ ကျင်းပ

**ဒေလီ ဒီဇင်ဘာ ၂၃**

ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်တစ်လျှောက်၌ နှစ်နိုင်ငံတပ်များအကြား ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပွားနေခြင်းများကို အဆုံးသတ်နိုင်ရေးအတွက် တရုတ်နှင့်အိန္ဒိယ ထိပ်တန်းတပ်မှူးများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုကို ကိုးကား၍ အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံတပ်မှူးများအကြား (၁၇) ကြိမ်မြောက် နယ်စပ်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ ရက်တွင် ချူရှူးလ်-မိုလ်ဒိုနယ်စပ် တရုတ်နိုင်ငံဘက်ခြမ်း၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် အိန္ဒိယ ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

သို့ရာတွင် အဆိုပါ ဆွေးနွေးပွဲ၌ နှစ်ဖက်တပ်များအကြား နယ်စပ်ထိပ်တိုက်ရင်ဆိုင်မှု ပြဿနာကို အဆုံးသတ်ရေးအတွက် သဘောတူညီချက် တစ်စုံတစ်ရာရယူနိုင်ခဲ့ခြင်း ရှိ၊ မရှိကို အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

(၁၇)ကြိမ်မြောက် နယ်စပ်ဆွေးနွေးပွဲ၌ တရုတ်နှင့်အိန္ဒိယတပ်မှူးများသည် ယခုလအတွင်းဖြစ်ပွားခဲ့သော နှစ်ဖက်တပ်များရန်ပွဲကြောင့် နယ်စပ်အခြေအနေ တင်းမာနေမှုကို လျှော့ချနိုင်ခဲ့ဖွယ်ရှိသည်။

ယခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ပိုင်ဆိုင်ခွင့်အငြင်းပွား နယ်စပ်တစ်နေရာ၌ တရုတ်နှင့်အိန္ဒိယတပ်ဖွဲ့ဝင်များ ခိုက်ရန်ဖြစ်ပွားခဲ့ရာ နှစ်ဖက်လုံးတွင် ဒဏ်ရာရသူများလည်း ရှိခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း အိန္ဒိယတပ်ဖွဲ့ဝင်ဦးရေ ၂၀ နှင့် တရုတ်တပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့ရသော နယ်စပ်ရန်ပွဲအပြီးတွင် ထောင်ပေါင်းများစွာသော တရုတ်နှင့်အိန္ဒိယ တပ်ဖွဲ့ဝင်များသည် ဟိမဝန္တာ နယ်စပ်တစ်လျှောက်၌ တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်တပ်စွဲထားခဲ့ကြကြောင်း သိရသည်။

KKO

# မြောက်ကိုရီးယားနိုင်ငံက အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း တာတိုပစ် ဒုံးကျည်နှစ်စင်း ပစ်လွှတ်

**ဆိုးလ် ဒီဇင်ဘာ ၂၃**

မြောက်ကိုရီးယားနိုင်ငံသည် တာတိုပစ်ဒုံးကျည်နှစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ ယနေ့တွင် ပစ်လွှတ်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယား လေတပ်စစ်လေယာဉ်များက ပူးတွဲလေတပ်စစ်ရေး လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး မကြာမီမှာပင် မြောက်ကိုရီးယားနိုင်ငံက တာတိုပစ် ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါ တာတိုပစ်ဒုံးကျည်နှစ်စင်းကို ပြုံယမ်းမြို့တော် ဇရိယာအတွင်းရှိ ဆူနန်းနယ်မြေမှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်နှစ်စင်းသည် အကွာအဝေးအားဖြင့် ကီလိုမီတာ ၃၅၀ နှင့် ကီလိုမီတာ ၂၅၀ ထိ အသီးသီးပျံသန်းခဲ့သည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုများအဖြစ် မှတ်ယူထားသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်သည့်အနေဖြင့် ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများ စံချိန်တင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## မာလီနိုင်ငံက တူရကီထုတ် Bayraktar TB2 UCAVs မောင်းသူမဲ့တိုက်ခိုက်ရေးယာဉ်များ လက်ခံရရှိ



မာလီနိုင်ငံသည် တူရကီနိုင်ငံထုတ် Bayraktar TB2 UCAVs မောင်းသူမဲ့ တိုက်ခိုက်ရေးယာဉ်များကို အမေရိကန်နိုင်ငံမှ လက်ခံရရှိခဲ့ကြောင်း ဒီဇင်ဘာ ၂၂ ရက်တွင် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူ Joseph Dempsey ၏ တွစ်တာ လူမှုကွန်ရက်သတင်းများအရ သိရသည်။

Bayraktar TB2 မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များသည် အလယ်အလတ် အမြင့်ပျံလေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းရှိသော(MALE)အမျိုးအစား မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်(UC-AV)ဖြစ်ပြီး အဝေးမှထိန်းချုပ်မှု သို့မဟုတ် အလိုအလျောက်ပျံသန်းမှုစစ်ဆင်ရေးများကို လုပ်ဆောင်နိုင်စွမ်းရှိသည်။

Bayraktar TB2 ၏ဖွံ့ဖြိုးတိုးတက်မှုသည် အမေရိကန်နိုင်ငံက တူရကီနိုင်ငံ၏ တိုက်ခိုက်ရေး မောင်းသူမဲ့လေယာဉ်များ တင်ပို့ရောင်းချခြင်းပိတ်ပင်ထားမှုကို ဆန့်ကျင်သော တူရကီနိုင်ငံဖွံ့ဖြိုးမှု၏ တွန်းအားဖြစ်ခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့် တူရကီ PKK အစိုးရဆန့်ကျင်ရေးအဖွဲ့များအပေါ် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များအသုံးပြုတိုက်ခိုက်မည်ကို စိုးရိမ်သောကြောင့် ရောင်းချမပေးခြင်းဖြစ်သည်။ ထိုသို့တားမြစ်ပိတ်ပင်ထားခြင်းက တူရကီနိုင်ငံ၏ Bayraktar TB2 ကို တစ်ဆင့်ထက်တစ်ဆင့်တိုးတက်ဖွံ့ဖြိုးလာပြီး ယနေ့အချိန်ပြည်ပနိုင်ငံများ အဝယ်လိုက်နေသည့် အခြေအနေထိ ရောက်ရှိစေခဲ့ပြီဖြစ်ကြောင်း သိရသည်။


Baykar ကုမ္ပဏီသည် ၎င်း၏ပထမဆုံးနည်းဗျူဟာမြောက် UAV ဖြစ်သည့် Bayraktar Caldiran သို့မဟုတ် Bayraktar TB1 ကို ၂၀၁၁ ခုနှစ်က တူရကီစစ်ဘက်ထံ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီးနောက် အတွေ့အကြုံများရယူကာ ကာကွယ်ရေးစက်မှုလုပ်ငန်းဥက္ကဋ္ဌ၏ တောင်းဆိုချက်အရ တိုက်ခိုက်ရေးနည်းဗျူဟာမြောက် မောင်းသူမဲ့လေယာဉ်စနစ်အသစ် TB2 ကို စတင်တီထွင်ခဲ့သည်။ Bayraktar TB2 ၏ ပထမဆုံးပျံသန်းမှုကို ၂၀၁၄ ခုနှစ် ဩဂုတ်လက ပြုလုပ်နိုင်ခဲ့သည်။

Bayraktar TB2 UCAVs တွင် အလိုအလျောက် ပျံတက်ခြင်း၊ ဆင်းသက်ခြင်း၊ ရပ်နားခြင်းတို့ကိုလုပ်ဆောင်နိုင်သော Triple-Redundant ပျံသန်းမှုထိန်းကျောင်းရေးစနစ်ပါရှိသည်။ ကွန်ပျူတာဖြင့် ပျံသန်းရေးထိန်းချုပ်မှုစနစ်သည် အချိန်နှင့်တစ်ပြေးညီအာရုံခံကိရိယာမှရရှိသော ဒေတာများဖြင့် အာရုံခံစနစ်များပေါင်းစပ်မှုဆိုင်ရာ အယ်လဂိုရီသမ်များကို တွက်ချက်လုပ်ဆောင်ပေးနေသည့် အဓိကအစိတ်အပိုင်းလည်းဖြစ်သည်။

သီးခြားရည်မှန်းချက်တာဝန် ထမ်းဆောင်ရန် ထိန်းကျောင်းလုပ်ဆောင်မှုများကို Mission Control Computer System စနစ်မှတစ်ဆင့် ကိုင်တွယ်လုပ်ဆောင်နိုင်သည်။ မောင်းသူမဲ့ လေယာဉ်ကို Rotary နှင့် Linear Servo Actuators အမျိုးမျိုးဖြင့် ပဲ့ထိန်းလမ်းညွှန်ပေးထားသည်။ ပင်မ Airborne Avionics လေကြောင်းပျံသန်းရေးစက်ပစ္စည်းများ၊ ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲအားလုံးကို စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်လျက်ရှိသည်။ Onboard စနစ်များကို ပါဝါပေးသည့် အီလက်ထရွန်နစ်ဓာတ်အားထောက်ပံ့မှုကို Triple Alternator နှင့် လစ်သီယံအိုင်းရွန်းဘက်ထရီများဖြင့် ပံ့ပိုးပေးထားသည်။ အကြမ်းခံနိုင်သော အပူငွေ့ရာကင်မရာယူနစ်သည် လေယာဉ်ပျံသန်းမှုစောင့်ကြည့်ရန် အမြီးပိုင်းတွင် တပ်ဆင်ထားရှိထားပြီး Payload နှင့် တယ်လီမီတာလမ်းညွှန်စနစ်မှ အချက်အလက်အားလုံးကို Airborne Data Recorder စက်ဖြင့် မှတ်တမ်းတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mali receives Turkish built Bayraktar TB2 UCAVs ကို ဘာသာပြန်ဆိုထားပါသည်။**

## Tsirkon Hypersonic ဒုံးကျည်တပ်ဆင်နိုင်တော့မည်ဟု သမ္မတပူတင်ပြော



ရုရှားနိုင်ငံပိုင် ဖရီဂိတ်စစ်ရေယာဉ် Admiral Gorshkov တွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအစောပိုင်း၌ Tsirkon Hypersonic ဒုံးကျည်တပ်ဆင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ကာကွယ်ရေးဝန်ကြီးဌာနဘုတ်အဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း ရုရှားနိုင်ငံ Tass သတင်းဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

3M22 Zircon Hypersonic ဒုံးကျည်သည် 3M22 Tsirkon (NATO အစီရင်ခံ -SS-N-33) ရုရှားနိုင်ငံထုတ် Screen Jet အင်ဂျင်တပ်ဆင်ထားသဖြင့် လှုပ်ရှားစစ်ကစားမှုမြင့်မားသော Hypersonic ခရုဇ်ဒုံးကျည်အမျိုးအစားဖြစ်ကြောင်း သိရသည်။

Zircon သည် Lift-Generating Centre Body ဖွဲ့စည်းမှုဖြင့် တောင်ပံများပါရှိသော Hypersonic ခရုဇ်ဒုံးကျည်လည်းဖြစ်သည်။ အစိုင်အခဲလောင်စာသုံးအင်ဂျင်များပါရှိသော အားမြှင့်ကိရိယာ၏ ပထမအဆင့်သည် Supersonic အမြန်နှုန်းသို့ အရှိန်မြှင့်ပေးနိုင်ပြီး ဒုတိယအဆင့်ရှိ လောင်စာအရည် (JP-10 ဂျက်လောင်စာဆီ)ပါသည့် Screen Jet အင်ဂျင်သည် ၎င်းကို Hypersonic အမြန်နှုန်းသို့ ထပ်မံမြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်ကတည်းက ရေးသားဖော်ပြခဲ့ကြသော ရုရှားသတင်းရင်းမြစ်များအရ ခရုဇ်ဒုံးကျည်၏ တိုက်ပွဲဝင်နိုင်သောအကွာအဝေးသည် ရေမိုင် ၅၄၀(၆၂၉ မိုင်၊ ကီလိုမီတာ ၁၀၀၀) ဖြစ်သော်လည်း လက်ရှိဒုံးကျည်၏ တိုက်ပွဲဝင်နိုင်သောအကွာအဝေးမှာ အနိမ့်ပျံသန်းမှုတွင် ရေမိုင် ၁၃၅ မှ မိုင် ၂၇၀ (၁၅၅ မိုင်မှ ၃၁၁ မိုင်၊ ကီလိုမီတာ ၂၅၀ မှ ကီလိုမီတာ ၅၀၀)၊ Semi-Ballistic ပဲ့ထိန်းတစ်ပိုင်းပျံသန်းမှုလမ်းကြောင်းတိုင်းတွင် ရေမိုင် ၄၀၀ (မိုင် ၄၆၀၊ ကီလိုမီတာ ၇၄၀) နှင့် ပျမ်းမျှပျံသန်းတိုက်ပွဲဝင်နိုင်သောအကွာအဝေး ကီလိုမီတာ ၄၀၀၊ ကီလိုမီတာ ၄၅၀(မိုင် ၂၅၀ မှ မိုင် ၂၈၀၊ ရေမိုင် ၂၂၀ မှ ရေမိုင် ၂၄၀) ခန့်ဖြစ်သဖြင့် အဆိုပါရည်မှန်းချက်ရောက်ရှိရန် အဆင့်မြှင့်တင်လျက်ရှိသည်။

Zircon Hypersonic ခရုဇ်ဒုံးကျည်၏ မြန်နှုန်းမြင့်မှုသည် Tomahawk ကဲ့သို့ ပေါ့ပါးသောခရုဇ်ဒုံးကျည်များထက် ပစ်မှတ်ကို ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းပိုမိုကောင်းမွန်မြင့်မားသည်။ Tomahawk နှင့်နှိုင်းယှဉ်မည်ဆိုလျှင် အလေးချိန်အားဖြင့် နှစ်ဆ၊ အမြန်နှုန်းအားဖြင့် ၁၁ ဆခန့်စွမ်းဆောင်ရည်ရှိသော Zircon Hypersonic ဒုံးကျည်သည် ပျံသန်းစဉ်(On-Cruise) အသုံးပြုသည့် အရွေ့စွမ်းအင်ပိုင်း၌ ၂၄၂ ဆထက် ပိုမိုမြင့်မားသည်ဟု သိရသည်။

၎င်း၏ Mach 9 အမြန်နှုန်းသည် လက်ရှိ ဒုံးကျည်ကာကွယ်ရေးစနစ်များက ကြားဖြတ်ဟန့်တားခြင်းမပြုနိုင်ဘဲ တိုက်ပွဲဝင်တိကျမှုသည် လေယာဉ်တင်သင်္ဘောများကဲ့သို့သော ပစ်မှတ်ကြီးများကိုပင် တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။ လေထုအတွင်း အသံထက်မြန်သောအရှိန်ဖြင့်ပျံသန်းနိုင်သောကြောင့် ၎င်း၏ရှေ့ရှိ လေထုဖိအားသည် ပလာစမာတိမ်တိုက်အဖြစ် ပြောင်းလဲရွေ့လျားသွားကာ ရေဒီယိုလှိုင်းများကိုစုပ်ယူနိုင်သောကြောင့် ၎င်းကို ရေဒါစနစ်မှ ထောက်လှမ်းနိုင်ခြင်းမရှိအောင် ကာကွယ်ပေးထားနိုင်သည်။

သို့သော် ၎င်းသည် ဒုံးကျည်ကိုယ်ထည်ပေါ်ရှိ ရေဒါ သို့မဟုတ် IR အာရုံခံကိရိယာ တိုင်းကိုလည်းကွယ်စေသည်။ ပလာစမာကိုယ်ပျောက်တိမ်တိုက်၊ အသံထက်မြန်သောအလျင်နှုန်းနှင့် ပင်လယ်ရေပြင်ပေါ်ရှပ်ပြေးပျံသန်းခြင်းနည်းပညာများဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သော Zircon ခရုဇ်ဒုံးကျည်ကို ကြားဖြတ်ဖမ်းယူရန်မှာ လက်ရှိနည်းပညာအဆင့်တွင် အလွန်ခက်ခဲကြောင်း သိရသည်။

ဒုံးကျည်ပျံသန်းရာ လမ်းကြောင်း၏ နောက်ဆုံးအပိုင်းကို အနိမ့်ဆုံးအချိန်(၁၀ စက္ကန့်အောက်)ဖြင့် ကျော်လွှားနိုင်ရမည်ဖြစ်ပြီး ရန်သူသည် လိုအပ်သည့်နည်းအားလုံးကို လုပ်ဆောင်ရန် အချိန်ရရှိမည်မဟုတ်ပါ။ Zircon ခရုဇ်ဒုံးကျည်သည် ပျံသန်းမှုအတွင်း၌ပင် သတင်းအချက်အလက်များ ဖလှယ်နိုင်ပြီး အမိန့်ပေးထိန်းကျောင်းမှုများဖြင့် ပျံသန်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။

**Vladimir Putin said Tsirkon hypersonic missile to be deployed in January ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

## နိုင်ငံတကာ အားကစားသတင်းများ

# ကွာရာဘောင်းဖလားကွာတားအဆင့်တွင် မန်ယူအသင်းက လိဂ်ဝမ်းကလပ် ချာတန်အသင်းနှင့်တွေ့ဆုံ

**လန်ဒန် ဒီဇင်ဘာ ၂၃**

ကွာရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်များအပြီးတွင် မဲခွဲမှုပြုလုပ်ခဲ့ရာ ဘန်လေအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည့် မန်ယူအသင်းက ကွားတားဖိုင်နယ်အဆင့်တွင် အင်္ဂလန်လိဂ်ဝမ်းကလပ် ချာတန်အသင်းနှင့်တွေ့ဆုံနေသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းနေကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွာတားဖိုင်နယ်အဆင့် မဲခွဲမှုတွင် လက်ရှိချန်ပီယံ လီဗာပူးအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် မန်စီးတီးအသင်းက ဆောက်သမ်တန်နှင့်လည်းကောင်း၊ ဘလက်ဘန်းအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်နော်တင်ဟမ်အသင်းက ဝုဗ်အသင်းနှင့်လည်းကောင်း၊ ဘုန်းမောက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် နယူးကာဆယ်အသင်းက လက်စတာအသင်းနှင့်လည်းကောင်း အသီးသီး တွေ့ဆုံခဲ့ကြောင်း သိရသည်။

ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့သည့် ပရီးမီးယားလိဂ်ကလပ်အသင်းများတွင် မန်ယူအသင်းတစ်သင်းသာ ပရီးမီးယားလိဂ်အသင်းမဟုတ်သည့် အင်္ဂလန်အောက်တန်း ကလပ်အသင်းနှင့် ကစားရမည်ဖြစ်၍ ဆီမီးဖိုင်နယ်သို့ တက်ရောက် သေချာနေသကဲ့သို့ ကျန်အသင်းများမှာ ပရီးမီးယားလိဂ်ပြိုင်ဘက်များနှင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များကို လာမည့် ဇန်နဝါရီ ၁၁ ရက်တွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်သည့်အသင်းများအနေဖြင့် အိမ်ကွင်း၊ အဝေးကွင်းကစားရမည်ဖြစ်ကာ ပထမအကျော့ကို ဇန်နဝါရီ ၂၃ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၃၀ ရက်တွင်လည်းကောင်း ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- လာမည့်နှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အလိုအလျောက် လူကျံဘောဖမ်းသည့် စက်ရုပ်အကူဒိုင်စနစ်ကို အသုံးပြုရန် အစီအစဉ်မရှိသေးကြောင်း ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ပြောကြားခဲ့သည်။
- အဲဗာတန်အသင်းက ရောင်းချမည့် ခံစစ်ကစားသမား ဟိုးလ်ဂိတ်ကို လိဒ်အသင်းနှင့်အပြိုင် ပြင်သစ်ကလပ် လိုင်ယွန်အသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်အပြီးတွင် ကွင်းအတွင်းဝင်ရောက်၍ အာဂျင်တီးနားအသင်းနှင့်အတူ အောင်ပွဲခံခဲ့သည့်စားသောက်ဆိုင်ပိုင်ရှင် ဆော့ဘေးကို ခွင့်ပြုချက်မရဘဲ ဝင်ရောက်မှုကြောင့် ဖီဖာက အရေးယူရန် စုံစမ်းမှုပြုလုပ်နေကြောင်း သိရသည်။
- မန်ယူအသင်း ကွင်းလယ်ကစားမသား ဖရက်ဖ်ကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပီအက်စ်ဂျီအသင်းက ပစ်မှတ်ထားလျက်ရှိသည်။ ML

# Forbes မဂ္ဂဇင်း၏ ၂၀၂၂ ခုနှစ်အတွင်း ဝင်ငွေအများဆုံး အမျိုးသမီးအားကစားသမားစာရင်းတွင် အိုဆာကာ ထိပ်ဆုံး၌ရပ်တည်



**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံ နယူးဂျာစီအခြေစိုက် Forbes မဂ္ဂဇင်းက ၂၀၂၂ ခုနှစ်အတွင်း ဝင်ငွေအများဆုံး အမျိုးသမီးအားကစားသမားများစာရင်းကို ထုတ်ပြန်ခဲ့ရာတွင် ဂျပန်တင်းနစ်မယ် အိုဆာကာက ဝင်ငွေအများဆုံးဖြင့် နံပါတ် (၁) နေရာတွင် ရပ်တည်နေကြောင်း Planet Sports က ယနေ့တွင် ဖော်ပြခဲ့သည်။

အိုဆာကာသည် ဒဏ်ရာပြဿနာကြောင့် အနားယူနေရသည့် ၂၀၂၂ ခုနှစ်အတွင်း အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ရသလို စပွန်ဆာပေးထားသည့် ကုမ္ပဏီတချို့နှင့် စာချုပ်ဖျက်သိမ်းခဲ့သော်လည်း ကြော်ငြာလုပ်ငန်းများနှင့် အားကစားပြင်ပစီးပွားရေးလုပ်ငန်းများတွင် အောင်မြင်မှုများရရှိခဲ့ပြီး စုစုပေါင်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁ သန်းထိရှိခဲ့သဖြင့် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယနေရာတွင် တင်းနစ်လောကမှ အနားယူသွားပြီဖြစ်သည့် အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံက ရပ်တည်နိုင်ခဲ့ပြီး ၎င်း၏ ၂၀၂၂ ခုနှစ်အတွင်း တစ်နှစ်တာဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃ သန်းရှိခဲ့သည်။

အလားတူ တရုတ် Freestyle Skiing အားကစားမယ် အီလင်ဂူက စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁ သန်းဖြင့် တတိယနေရာတွင် လည်းကောင်း၊ ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူက စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇ သန်းဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ်ဖြစ်သည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉ သန်းဖြင့် ပဉ္စမနေရာတွင် လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ AZL

# ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ရက်ထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ Squash အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြိုင်ပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများက ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နေထိုင်ရေးနှင့် သွားလာရေးကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ပြီးနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အစည်းဝေးကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်မည့်အပြင် ပထမဆုအတွက် ငွေကျပ် ၁၀သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ခုနစ်သိန်း၊ တတိယဆုအတွက် ငွေကျပ် ငါးသိန်း၊ တစ်ဦးချင်း(အကျော့ပေး၊ အကျော့မဲ့)ပြိုင်ပွဲတွင် ဆုဆွဲပြားနှင့်အတူ ပထမဆုအတွက် ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ငါးသိန်း၊ တတိယဆုအတွက် ငွေကျပ် သုံးသိန်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးမှ အသင်း ၁၅ သင်း ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ STA

# အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်တွင် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ဂျကာတာ ဒီဇင်ဘာ ၂၃**

အာဆီယံမစ်ဆူဘီရှီ အီလက်ထရစ်ဖလားပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ကျင်းပခဲ့ရာ အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး တစ်ဂိုး၊ ဖိလစ်ပိုင်အသင်းက ဘရူနိုင်းအသင်းကို ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရသဖြင့် ပွဲအစကတည်းက ဖိအားပေးကစားနိုင်ခဲ့သောကြောင့် ပွဲချိန် ခုနစ်မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ရာ ကမ္ဘောဒီးယားအသင်းက ပြန်လည်တိုက်စစ်မြှင့်တင်ခဲ့သဖြင့် ပွဲကစားချိန် ၁၅ မိနစ်တွင် ချေပဂိုးရရှိခဲ့သော်လည်း ပွဲကစားချိန် ၃၅ မိနစ်တွင် အင်ဒိုနီးရှားအသင်းက ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့၍ နှစ်ဂိုး တစ်ဂိုးဖြင့် ပထမပိုင်းပြီးဆုံးခဲ့သကဲ့သို့ ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်း၏ ထိန်းချုပ်ကစားပုံကြောင့် နှစ်သင်းစလုံး ဂိုးမရခဲ့ဘဲ အင်ဒိုနီးရှားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



အလားတူ အုပ်စု (A) ဒုတိယပွဲစဉ်တွင် အဖွင့်ပွဲစဉ်၌ ကမ္ဘောဒီးယားအသင်းကို ရှုံးနိမ့်ထားသည့် ဖိလစ်ပိုင်အသင်းနှင့် ဘရူနိုင်းအသင်းတို့ တွေ့ဆုံခဲ့ရာ အိမ်ရှင်ဖိလစ်ပိုင်အသင်းက တိုက်စစ်မြှင့်ကစားလာခဲ့သဖြင့် ပွဲချိန် ခုနစ်မိနစ်နှင့် ၁၂ မိနစ်တို့တွင် ဦးဆောင်ဂိုးများ ရရှိခဲ့ရာ ဘရူနိုင်းအသင်းအနေဖြင့် ဖိအားအောက်ကျရောက်ခဲ့ပြီး ဒုတိယပိုင်းတွင် ချေပဂိုးရရှိရန် ကြိုးစားခဲ့သော်လည်း ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ပွဲချိန် မိနစ် ၅၀၊ ၅၁ မိနစ်နှင့် ၈၈ မိနစ်တို့တွင် ဖိလစ်ပိုင်အသင်းက ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့ပြီး ဘရူနိုင်းအသင်းက ပွဲကစားချိန် မိနစ် ၇၀ တွင် ချေပဂိုးတစ်ဂိုးသာ ရရှိခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ဖိလစ်ပိုင်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ML

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (ဘီ) နှင့် လက်ဝှေ့အားကစားရုံတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ကြသည်။

ဆက်လက်ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များတွင် အလုပ်သမားဝန်ကြီးဌာန အသင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကိုနှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်းများနှင့် ဖူဆယ်အားကစားရုံတို့တွင် ဆက်လက်ကျင်းပခဲ့သည်။

ဦးစွာ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များတွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို ၁၅ ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အသင်းကို ၁၀ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို ခြောက်ဂိုး လေးဂိုးဖြင့် လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေပိုင်း၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# မိုဒီအသင်းတိုက်စစ်မှူး ဒက်ထရိုဖိုဖန်နာကို ချဲလ်ဆီးအသင်းက လေးနှစ်စာချုပ်ဖြင့် ခေါ်ယူ



**လန်ဒန် ဒီဇင်ဘာ ၂၃**

ချဲလ်ဆီးအသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် နော်ဝေကလပ် မိုဒီအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူးဒက်ထရိုဖိုဖန်နာကို ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လေးနှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်းGoal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိ လူငယ်တိုက်စစ်မှူး ဒက်ထရိုဖိုဖန်နာသည် ၂၀၂၁ ခုနှစ်က မိုဒီအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၆၅ ပွဲပါဝင်ခဲ့ရာတွင် သွင်း ဂိုး ၂၄ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ဆွေးနွေးခဲ့ရာ ကလပ်အသင်း နှစ်ခုကြား သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိုင်ဗရီကိုစ့်နိုင်ငံသား လူငယ်တိုက်စစ်မှူး ဒက်ထရိုဖိုဖန်နာသည် ချဲလ်ဆီးအသင်းတွင် ဆေးစစ်မှုခံယူရန် လန်ဒန်မြို့သို့ လာရောက်မည်ဖြစ်ပြီး ဆေးစစ်မှုအောင်မြင်ပါက လေးနှစ်စာချုပ်ချုပ်ဆို၍ အပြောင်းအရွှေ့ကိစ္စအပြီးသတ်မည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဖိုဖန်နာက "ကျွန်တော့်အနေနဲ့ပရီးမီးယားလိဂ်လို ထိပ်သီးကလပ်မှာ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ဖို့ပြင်ဆင်နေပါတယ်။ နောက်တစ်ခုကတော့ ပရီးမီးယားလိဂ်မှာ အောင်မြင်မှုရရှိခဲ့တဲ့ မိုဒီအသင်းရဲ့ စီနီယာကစားသမားတွေဖြစ်တဲ့ ဆိုးရှားလ်နဲ့ ဟာလန်းတို့ရဲ့ လမ်းစဉ်ကို အမီလိုက်ဖို့ ကြိုးစားရမှာပါ" ဟုပြောကြားခဲ့ကြောင်း သိရသည်။

ML

# ဇန်နဝါရီအပြောင်းအရွှေ့တွင် ကန်ဟာအနေဖြင့် အသင်းမှထွက်ခွာမည်ဟု အေတီကိုအသင်းထုတ်ပြန်

**မက်ဒရစ် ဒီဇင်ဘာ ၂၃**

အာဆင်နယ်အသင်းကခေါ်ယူရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူး ကန်ဟာသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ကလပ် ဝုဗ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့မည်ဖြစ်ပြီး အသင်းမှ ထွက်ခွာရန် သေချာနေကြောင်း အေတီကိုအသင်းက ထုတ်ပြန်ခဲ့သည်ဟု Goal.com က ယနေ့တွင်ဖော်ပြခဲ့သည်။

အေတီကိုအသင်းနှင့်လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းရှိသေးသည့် တိုက်စစ်မှူး ကန်ဟာသည် ခြေစွမ်းပြသနိုင်သည့် ကစားသမားတစ်ဦး ဖြစ်သော်လည်း နည်းပြ ဆီမြွန်လက်အောက်တွင် လူစားဝင် ကစားသမားအဖြစ်သာ ပါဝင်နေရသဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ရာ ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းနှင့် ဝုဗ်အသင်းတို့က အပြိုင်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကန်ဟာသည် နည်းပြလိုပက်တီဂူ၏ ဝုဗ်အသင်းသို့ ကနဦးခြောက်လအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရန် သဘောတူညီခဲ့ပြီး ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၄ သန်းဖြင့် အပြီးသတ် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ကန်ဟာက "အေတီကိုအသင်းဟာကျွန်တော့်ရဲ့အိမ် ကျွန်တော့်ရဲ့မိသားစုလိုဖြစ်နေတာကြောင့် အသင်းက ထွက်ခွာရမှာ စိတ်မကောင်းဖြစ်မိပါတယ်။ အသင်းပရိတ်သတ်တွေနဲ့ အေတီကိုအသင်းဟာ ကျွန်တော့်ရင်ထဲမှာအမြဲရှိနေမှာပါ"ဟု ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။ ML



# Hero Cup ပြိုင်ပွဲတွင် Continental Europe အသင်းနှင့် Great Britain & Ireland အသင်းတို့ ယှဉ်ပြိုင်မည်

**ဒူဘိုင်း ဒီဇင်ဘာ ၂၃**

ယူအေအီးနိုင်ငံ ဒူဘိုင်း၌ လာမည့် ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပမည့် Hero Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Continental Europe အသင်းနှင့် Great Britain & Ireland အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နှစ်ဖက်အသင်းက ရွေးချယ်ထားသည့် ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ကြောင်း Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲသည် Europe's Ryder Cup ပြိုင်ပွဲအကြို ကျင်းပပြုလုပ်သည့်ပြိုင်ပွဲတစ်ရပ်ဖြစ်သကဲ့သို့ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်းသားများကိုလည်း အဆိုပါပြိုင်ပွဲတွင် ယှဉ်ပြိုင်နိုင်ခဲ့သည့် လက်စွမ်းအပေါ် မူတည်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း ဥရောပ အသင်းခေါင်းဆောင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား လုခ်ဒေါ်နယ်က ပြောကြားခဲ့သည်။

Hero Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်Continental Europe အသင်းတွင် မိုလီနာရီက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားမည်ဖြစ်ပြီး အသင်းသားများအနေဖြင့် ဘယ်လ်ဂျီယံ ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် သောမတ်စ်ဒီထရိုင်နှင့် သောမတ်စ်ပီတာ၊ ဒိန်းမတ်ဂေါက်သီးရိုက်ကစားသမား ဟိုဟ်ဂတ်၊ ပိုလန်ဂေါက်သီးရိုက်ကစားသမား အက်ဒရီယန်မီရွန်၊ အီတလီဂေါက်သီးရိုက်ကစားသမား မစ်လီယိုဇီ၊ ဆွီဒင်ဂေါက်သီးရိုက်ကစားသမား အဲလက်စ်နိုရင်၊ ပြင်သစ်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ရိုင်နာနှင့် ဗစ်တာပီရက်ဇ်၊ ဩစတြီးယားဂေါက်သီးရိုက်ကစားသမား စထရာကာတို့ ပါဝင်လာသည်။

ထို့အတူ Great Britain & Ireland အသင်းတွင် အသင်းခေါင်းဆောင်အဖြစ် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားတွမ်မီဖလက်ဝုဒ်က တာဝန်ယူသွားမည်ဖြစ်ပြီး အသင်းသားများအဖြစ် စကော့တလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မက်ကလင်တိုင်နှင့် ဖာဂူဆန်၊ အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ရှိန်းလော်ရီနှင့် စီးမက်စ်ပါဝါ၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် တိုင်ရယ်လ်ဟက်တန်၊ ကောလမ်ရှင်ကွန်၊ ဂျော်ဒန်စမစ်၊ မက်ဝေါလေ့နှင့် ရစ်ချက်မန်ဆဲလ်တို့ပါဝင်ခဲ့ကြောင်း သိရသည်။ AZL

# အဖျားရောဂါအကြောင်း သိကောင်းစရာ

**ကြည်လွင်မြင့်(မုံရွာ)**

တစ်နေ့က မိတ်ဆွေတစ်ဦးထံက ဖုန်းလာသည်။ "မတွေ့တာကြာပြီနော်။ ဘယ်ပျောက်နေလဲ"

မတွေ့တာကြာပြီဟုဆိုသော်လည်း သူနှင့်မတွေ့သည်မှာ ရက် ၂၀ ခန့်သာ ရှိပါသေးသည်။ သည့်အရင်က ကျန်းမာရေးကိစ္စသိလိုသည်များကို ဖုန်းဖြင့် မကြာခဏ ရက်ခြားဆိုသလို လှမ်းမေးနေကျ။ ရက် ၂၀ ခန့် ပျောက်သွားသည်ကို ကြာပြီဟုထင်နေခြင်းဖြစ်သည်။

"ဆရာရေ ကျွန်တော်ဖျားနေတာ ၁၀ ရက်ကျော်ပြီ တုပ်ကွေးပါ။ အခု အဖျားတွေက မလွယ်ဘူးနော်။ ဖျားပြီး ရက်ကြာတာတောင် နာလန်မထူဘူး။ တစ်ကိုယ်လုံးညောင်းကိုက်၊ ခေါင်းကမူး၊ အစာဆိုလုံးဝမဝင်ဘူး။ ဘာစားစား ခံတွင်းမတွေ့ဘူး ဆရာ"ဟု ပြောသည်။

မှန်သည်၊ အချို့သူများတုပ်ကွေးဖျားဟု ပေါ့ပေါ့နေရာမှ အစားပျက်၊ အားမရှိ၊ အလုပ်ပျက်၊ ရက်ကြာတော့ ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်မှနားလိုက်ရသူ၊ အလုပ်ထုတ်ခံရသူများပင် ရှိသည်ဟု ကြားဖူးသည်။

"အခုခေတ်အဖျားတွေက ရှေးခေတ်က အဖျားတွေနဲ့ မတူဘူးနော်"ဟု ဆိုသည်။ ယခုခေတ် အစားအသောက်များကလည်း ဓာတုပစ္စည်းပါဝင်မှုများပြီး ရှေးခေတ်ကနှင့်မတူတော့ပေ။ ထို့ပြင် ရာသီဥတုကလည်း မမှန်မကန်ဖြစ်နေသည်။

မြန်မာ့ရိုးရာဆေးပညာ (Treditional Medicine)စစ်စစ် ဒေသနာနယဆေးပညာအရ ရောဂါရောက်ကြောင်း (ဝါ) ရောဂါဖြစ်ရခြင်းအကြောင်း၊ တစ်နည်း နာဖျားမကျန်းဖြစ်ရခြင်းအကြောင်း လေးပါးရှိကြောင်း ဆိုထားသည်။ ထိုလေးပါးမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြစ်သည်။

အထက်ပါအကြောင်းလေးပါးကြောင့် ဖျားနာရသည်၊ ရောဂါရသည်ဟုဆိုလျှင် မမှားပေ။ ကံကမကောင်း၊ စိတ်ဖိစီးသည့်အလုပ်များလည်း လုပ်ရကိုင်ရနှင့် နောက်ဆုံးနှစ်ပါးဖြစ်သော ဥတုနှင့်အာဟာရကပါ နှောင့်ယှက်မှုအမျိုးမျိုးပေးမှတော့ "အဖျားသည် ရက်ရှည်သည်ပေါ့"ဟု မှတ်ရပေမည်။ အဖျားသည် အပူငုပ်ခြင်းအကြောင်းခံသည်။ (ဥဏှတေဇော)

အဖျားကျပြီးပြန်တော့လည်း တစ်ကိုယ်လုံး အေးစက်၊ ညောင်းကိုက်၊ မစားချင်၊ စားလျှင်လည်း ခံတွင်းမတွေ့(အာကာသပျက်)။ အစားပျက်တော့ လမ်းကလည်း ကောင်းကောင်းမသွားနိုင်၊ ညောင်းညာ၊ (ဝါယောပျက်) ထိုအတွက် ဆေးဝါးမပါ၊ ဓာတ်စာဖြင့်သာ ကုသသင့်သည်။

**အနောက်တိုင်းဆေးပညာအမြင်**

လူတိုင်းဖျားနာခြင်းကို တစ်နေ့မဟုတ် တစ်နေ့ ကြုံတွေ့ရမည်ဖြစ်သည်။ ဖျားနာခြင်းကို ကိုယ်အပူချိန်ဖြင့် တိုင်းတာလေ့ရှိသည်။ သာမန်ကိုယ်အပူချိန် ၉၇ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက်ကျော်၍ ၁၀၀ ဒီဂရီရောက်လျှင်ပင် ကိုယ်ပူသည်ဟု သတ်မှတ်ကြသည်။ လူကြီးများတွင် အဖျားဝင်လာပြီဆိုလျှင် ကိုယ်အပူချိန် တဖြည်းဖြည်းတက်လာပြီး ၁၀၃ ဒီဂရီဖာရင်ဟိုက်ထိရောက်လျှင် စိုးရိမ်ရသောအဖျား ဖြစ်သည်ဟု ဆိုသည်။ လူကြီးများမှာ ခံနိုင်ရည်ရှိသော်လည်း လူငယ်နှင့် မွေးကင်းစကလေးများမှာ ကိုယ်ပူလျှင် ချက်ချင်းညှိုးနွမ်းသွားပြီး အစားအသောက်မဝင်ဘဲ ဖြစ်တတ်သည်။

အဖျားအတွက် ကိုယ်အပူချိန် သာမန်တက်ရုံလေးဖြင့် ဆေးသောက်ခြင်းသည် မှားသောအယူအဆဖြစ်သည်ဟုဆိုသည်။ အအေးမပတ်အောင် နွေးနွေးထွေးထွေးနေခြင်း၊ ရေများများသောက်ခြင်း၊ စွပ်ပြုတ်စသည့်ပူပူနွေးနွေးသောက်ပေးခြင်းဖြင့် ကိုယ်ပူပြန်ကျသွားနိုင်သည်။ တစ်ရက်အတွင်း ကိုယ်ပူမကျမှသာ ဆေးသောက်သင့်သည်။ ကိုယ်အပူချိန်တက်ခြင်းသည် သင်၏ခန္ဓာကိုယ်ပြင်ပမှ ဝင်ရောက်လာသောပိုးမွှားများကို ခန္ဓာကိုယ်က ပြန်လည်တိုက်ခိုက်နေသော



လုပ်ရပ်တစ်ခုဖြစ်သည်ဟု မှတ်ယူနိုင်သည်။

အချို့အဖျားများသည် တစ်နေ့အတွင်းမှာပင် ကိုယ်အပူချိန် အတက်အကျ အလွန်များသည်။ အချို့အဖျားများမှာ နေ့တွင်တက်ပြီး ညတွင်အဖျားကျသွားတတ်သည်။ အချို့အဖျားများမှာ ရက်ရှည်တက်ဖျား၊ ကျဖျားဖြစ်နေတတ်သည်။ ငှက်ဖျား၊ တီဘီရောဂါကြောင့်ဖြစ်သော အဖျားများတွင် အဖျားကျဆေး၊ ကိုယ်ပူကျဆေးသာမက ပိုးသတ်ဆေးပါ သောက်ရန် လိုအပ်သည်။ သက်ဆိုင်ရာဆရာဝန်များ ညွှန်ကြားချက်အတိုင်း လိုက်နာရမည်ဖြစ်သည်။

**တိုင်းရင်းဆေးနှင့်အဖျားရောဂါ အမြင်**

တိုင်းရင်းဆေးပညာတွင် အကျဉ်းအားဖြင့် အပူဖျား၊ အအေးဖျားဟူ၍ နှစ်မျိုးသာရှိသည်။ ထိုအဖျားနှစ်မျိုးတို့သည် ပိုးကြောင့်ရောဂါတစ်ခုခုကပ်ငြိ၍ ဖြစ်ခြင်းမှလွဲ၍ နွေမှမိုးအကူး၊ မိုးမှဆောင်းအကူး၊ ဆောင်းမှနွေအကူး ဥတုအကူးအပြောင်းအခါများတွင် ဖြစ်လေ့ရှိသည်။ ထို့ပြင် နေပူထဲမှလာပြီး ရုတ်တရက် အအေးခံခြင်း၊ အအေးထဲမှလာပြီး ရုတ်တရက် နေပူမိခြင်း စသောအကြောင်းအရာများကြောင့်ဖြစ်သော အဖျားများလည်းရှိသည်။ အလွန်ပူပြင်းသော နွေရာသီတွင် Heat Storke ခေါ် အပြင်းအထန် အပူလျှပ်၍ လေဖြတ်ခြင်း၊ သေဆုံးခြင်းများလည်း ဖြစ်နိုင်သည်။

**ဖျားနေသူကိုပြုစုနည်းများ**

ဖျားနေသူကို ရှေးအခါက လေတိုက်မခံဘဲ လေလုံသောအခန်းတွင်ထားပြီး စောင်ခြုံ၍ ဆေးပူများ၊ ချွေးထုတ်ဆေးများ တိုက်ကျွေးလေ့ရှိသည်။ ထိုနည်းမှာ အမြဲတမ်းမမှန်ကန်။ အန္တရာယ်ရှိသောနည်းလမ်းဖြစ်သည်။ ဖျားနာသူသည် လေကောင်းလေသန့် လိုအပ်သည်။ လေလုံနေခြင်း၊ အသက်ရှူမဝခြင်းတို့ကြောင့် အဖျားပို၍ဆိုးစေနိုင်သည်။

ဖျားနာသူကို အဖျားကျဆေး၊ ကိုယ်ပူကျဆေးတိုက်ကျွေးသော်လည်း အခြားသတိပြုရမည့်အချက်များ ရှိသေးသည်။ ထိုအချက်များမှာ-

ဖျားသူသည် ဝမ်းမှန်၊ မမှန် မေးမြန်းရမည်။ နှစ်ရက်၊ သုံးရက်ထက်ကျော်လွန်၍ ဝမ်းချုပ်နေပါက သင့်တော်သော ဝမ်းနုတ်ဆေးပေးရမည်။ သို့မဟုတ် ဝမ်းချူသောနည်းဖြင့် ဝမ်းသွားအောင်ပြုလုပ်ပေးရမည်။

ဖျားနေသူသည် မူလက အစာအိမ်ရောဂါ ရှိ၊ မရှိ၊ အစာကြေ၊ မကြေ၊ အစာချက်၊ မချက် သတိပြုရမည်။ အချို့သူများတွင် အစာအိမ်မကောင်းသဖြင့် ဖျားနာသော်လည်း အစာအိမ်ကိုထိခိုက်စေနိုင်သည့်အကိုက်အခဲပျောက်ဆေးများ၊ အစာအိမ်ကိုသွေးယိုစေနိုင်သည့်ဆေးများပေး၍ မဖြစ်သည်ကိုသတိပြုရမည်။ ဖျားနေသူကို မာကျောသောအစာများ၊ အေးစက်သောအစာများ၊ ကြေခဲသောအစာများ၊ ဝမ်းချုပ်စေသောအစာများ မပေးသင့်သည်ကို အထူးသတိပြုပါ။

**အဖျားကျသွားပြီးနောက် နာလန်ထတွင် ပြုလုပ်ရမည့် အချက်များ**

အဖျားကျသွားသော်လည်း လူကောင်းဖြစ်သွားပြီဟု မယူဆနိုင်ပေ။ ထိုအချိန်သည် "နာလန်ထအချိန်" ဟုခေါ်သည်။ ထိုအချိန်တွင် စားချင်သောက်ချင်စိတ်မရှိ နုံးချည့်နေတတ်သေးသည်။ တရှောင်ရှောင်ဖြစ်နေသည်ဟု လူကြီးများက ပြောလေ့ရှိသည်။ ရေချိုးချိန်ကိုလည်း ရေချိုးရက်ရွေးပြီးမှ ချိုးပေးလေ့ရှိကြသည်။ ခံတွင်းလိုက်စေသည့်အစာများ တဖြည်းဖြည်းချင်းလျှော့၍ ကျွေးလေ့ရှိကြသည်။ အစာကြမ်းလျှင် နောက်တစ်ကြိမ် ပြန်ဖျားနိုင်သည်ကို သတိပြုရမည်။ နာလန်ထလူနာများအတွက် အောက်ပါအတိုင်းဆောင်ရွက်ပေးလျှင် အကောင်းဆုံးဖြစ်သည်။

နံနက်နေတက်အချိန်တွင် ရေချိုးပါ။ ရေမချိုးမီ အုန်းစိမ်းရည်သောက်ပါ။ (အုန်းစိမ်းနုနုအရည်သောက်၊ အုန်းသီးကိုပလီကမ်းခြေတွင် သောက်သကဲ့သို့ ထိပ်ဖွင့်ပြီးလျှင် အပြင်သို့မသွန်ဘဲ ဖျော်ရည်စုပ်သောပိုက်ဖြင့် စုပ်၍သောက်ပါ။ အုန်းရည်ကိုအပြင်သွန်ပြီးမှသောက်လျှင် လေသလပ်ပြီးနောက် အချဉ်ဓာတ်ဝင်သွားနိုင်သည်။

ရေချိုးလျှင်ဦးခေါင်းမှ လောင်းချိုးပါ။ ရေအေးဖြင့်သာ ချိုးပါ။ နံနက်ဦးခေါင်း၊ ညဖူးခေါင်း နည်းလမ်းအတိုင်း ခေါင်းမှလောင်းချိုးပါ။

ထမင်းစားလျှင် ပူပူနွေးနွေးစားပါ။ အစာမကြေသေးပါက ထမင်းကိုပေါင်းအိုးနှင့် မချက်နှင့်။ ထမင်းရည် ငှဲ့ချက်ပါ။

ကျောက်ဖရုံသီးဟင်းချိုချက်ပြီး ငရုတ်ကောင်းမှုန့်ခတ်သောက်ပါ။ ဝမ်းတွင်း၌အောင်းနေသောအပူများ ဆီးမှထွက်သွားအောင် ကျောက်ဖရုံသီးက အစွမ်းထက်ပါသည်။

နေ့လယ်ခင်းတွင် အဖြည့်စာအဖြစ် ထန်းလျက်သာကူပူပူလေးသောက်ပေးပါ။ ဝမ်းမီးတောက်ပြီး အစားစားချင်စိတ်များ ပြန်လည်ဖြစ်ပေါ်လာပါလိမ့်မည်။

ရိုးရာဆေးပညာ ဓာတ်စာဆရာကြီးများ ပေးလေ့ရှိသော နာလန်ထ ခံတွင်းကောင်းဓာတ်စာမှာ ငါးဖယ်အောင်းငါးပိကောင်ဖြစ်သည်။ ငါးဖယ်အောင်း သည် ငွေရောင်အကြေးခွံရှိသော ငါးမျိုးဖြစ်သည်။ အစိုအတိုင်း ချက်စားလျှင် အရိုးများသဖြင့် ငါးပိကောင်လုပ်ပြီး စားလေ့ရှိကြသည်။ ငါးကို ဆားဖြင့်နယ်ပြီး မြေအိုးတွင်သိပ်ကာ အပေါ်မှဆားဖြင့် ဖိထားသောအခါ ငါးပိကောင်ဖြစ်လာသည်။ ထိုငါးပိကောင်မှာ တာရှည်အထားခံသော မြန်မာ့ရိုးရာ အစားအစာဖြစ်သည်။ ငါးဖယ်အောင်းငါးပိကောင်ကို အပြင်ခွံပါးပါးလေးကျွမ်းသွားအောင် မီးကင်စားခြင်း သို့မဟုတ် ကြော်စားခြင်းပြုလုပ်ကြသည်။ ငါးဖယ်အောင်းငါးပိကောင်ကို ပူပူနွေးနွေး နှမ်းဆီလောင်းပြီး ငရုတ်သီးမှုန့်အနည်းငယ်ဖြူး၍ အဖျားပြတ် နာလန်ထသူကို ထမင်းဆီဆမ်းဖြင့် ပူပူနွေးနွေးကျွေးလေ့ရှိသည်။ ဒန့်သလွန်ရွက်ဟင်းချို၊ ဘူးသီးဟင်းခါး၊ ကျောက်ဖရုံသီးဟင်းခါး၊ ပိတ်စွယ်ဟင်းချို၊ ဥသျှစ်ရွက်ဟင်းချို စသည်များသည် ငါးဖယ်အောင်းငါးပိကောင်နှင့် လိုက်ဖက်သော ဟင်းချိုများဖြစ်သည်။

နာလန်ထလူနာသည် အမျိုးသမီးဖြစ်ပါက သင့်တော်သောအချိန်တွင် ရေချိုးပြီးလျှင် ကရမက်ကို သွေးလိမ်းပေးခြင်းဖြင့် အနာရောဂါကင်းစေနိုင်သည်။ မိန်းမအသက် ကရမက်ဟုလည်း အဆိုရှိသည်။ အမျိုးသားများမှာမူ နံ့သာလိမ်းကျံရန်မလိုအပ်သော်လည်း အချို့မှာအပူကင်းစင်စေရန် သနပ်ခါးအမြစ်ကိုသွေးပြီး ခပ်ပါးပါးလိမ်းပေးလေ့ရှိသည်။ သွေးထားသောသနပ်ခါးကိုလည်း မလိမ်းမီ အနည်းငယ်လျက်စားလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ ကံ၊ စိတ်၊ ဥတု၊ အာဟာရ သင့်တင့်မျှတအောင်နေပါက ကျန်းမာသော ဘဝ ရရှိမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မိုးမိတ်မြို့နယ် ဆင်တဲကုန်းကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မိုးမိတ် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဆင်တဲကုန်းကျေးရွာ၌ ကျေးရွာအဝင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိုးမိတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးတင့်လွင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာလမ်းကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ဆင်တဲကုန်းကျေးရွာ၌ ကျေးရွာအဝင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဆင်တဲကုန်းကျေးရွာအဝင်လမ်း အရှည် ၅ ဒသမ ၂၂ ဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ၈၄၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် မိန်းမြစ်ကုမ္ပဏီကလည်းကောင်း၊ လမ်းအရှည် ၇ ဒသမ ၄၉ ဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၄ ဒသမ ၄၁၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Every Ready ကုမ္ပဏီကလည်းကောင်း တာဝန်ယူ၍ အောက်တိုဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)ဦးတင့်လွင်က ပြောပြ၍ သိရသည်။

**ကျော်စိုး**

# ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှမင်္ဂလာစွယ်စုံဆင်ရုပ်များ ရှမ်းပြည်နယ်ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူလျက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ မင်္ဂလာစွယ်စုံဆင်ရုပ်များ ရှမ်းပြည်နယ်ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

ယခုလတွင် ရှမ်းပြည်နယ်ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ကျွန်းသားဖြင့် ထုလုပ်ထားသည့် မင်္ဂလာစွယ်စုံဆင်ရုပ်များကို အဓိကမှာယူနေခြင်းဖြစ်ပြီး အရွယ်အစားမှာ အမြင့် ၁၆ လက်မ၊ အလျား ၁၂ လက်မ၊ လုံးပတ် ၇ ဒသမ ၅ လက်မဖြစ်ပြီး နှာမောင်းမြှောက်နေသည့်ပုံစံဖြစ်ကြောင်း သိရသည်။

"အခုအော်ဒါကတော့ ရှမ်းပြည်နယ်ဘက်က အဓိကမှာတာပါ။ ပန်းပုဆရာတွေ ပန်းပုမထုရတာ တော်တော်ကြာပြီ။ ပန်းပုအော်ဒါ တစ်ခါတလေမှရတယ်။ အော်ဒါလာရင် သစ်ထွင်းပန်းချီကားတွေချည်းပဲ။ အခုတော့ အော်ဒါရထားတာတော့ နှာမောင်းမြှောက်ထားတဲ့ဆင်ရုပ် ၁၅၀ ပါ။ အခု ဒီဇင်ဘာလကုန်လောက်ပို့ပေးရမှာပါ။ ဈေးကွက်ထဲမှာ ဘယ်လောက်ရောင်းမလဲတော့မသိဘူး။ ကျွန်တော်တို့ကတော့ လက်ခအနေနဲ့ ဆင်ရုပ်တစ်ရုပ်ကို ငွေကျပ် ၃၅၀၀၀ လောက်ယူပါတယ်"ဟု ဦးအေးချမ်းက ပြောပြသည်။

လက်ရှိတွင် ရှမ်းပြည်နယ်က မှာယူထားသည့် အမြင့် ၁၆ လက်မ၊ အလျား ၁၂ လက်မ၊ လုံးပတ် ၇ ဒသမ ၅ လက်မအရွယ်အစား ဆင်ရုပ်တစ်ရုပ်လျှင် ပန်းပုဈေးကွက်အတွင်း ငွေကျပ် ၆၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

ပန်းပုထည်များကို ထုလုပ်ရာတွင် စိတ်ကြိုက်ပန်းပုရုပ်များထုလုပ်ခြင်းထက် ဈေးကွက်မှာယူသည့် အရွယ်အစား၊ ပုံစံကိုသာ အဓိကထားထုလုပ်နေရသော်လည်း လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာသဖြင့် ပန်းပုလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလာကြောင်း ဦးအေးချမ်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# Fear Street ဇာတ်ကားကို ဒါရိုက်တာ ခလိုးအိုကူနိုက ရိုက်ကူးမည်

**နယူးယောက် ဒီဇင်ဘာ ၂၃**

Fear Street ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ခလိုးအိုကူနိုက Netflix ကုမ္ပဏီအတွက် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ Fear Street ဇာတ်ကားသည် Netflix ၏ နာမည်ကျော် Fear Street ဇာတ်ကားတွဲ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါဇာတ်ကားကို ရိုက်ကူးရေးအတွက် အမေရိကန်အမျိုးသမီးဒါရိုက်တာ ခလိုးအိုကူနိုကို ရွေးချယ်ထားကြောင်း သိရသည်။

ခလိုးအိုကူနိုသည် နာမည်ကျော် စိတ္တဇထိတ်လန့်သည်းဖို့ဇာတ်ကားဖြစ်သည့် Watcher ကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း၊ Netflix ကုမ္ပဏီ၏ မူလ Fear Street ဇာတ်ကားသုံးကားကို အမျိုးသမီးဒါရိုက်တာ လိတ်ဂျာနီအက်က ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဒါရိုက်တာ ခလိုးအိုကူနို ရိုက်ကူးမည့် Fear Street ဇာတ်ကား ထုတ်လွှင့်ပြသမည့်ရက်ကို Netflix က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO




# မြန်မာသံအဆိုတော် ဗညားဟန်နှင့် အဆိုတော် ဆုထက်အိမ်ထွန်းတို့သီဆိုထားသော သုံးရက်အတွင်းလာခိုးပါ တေးအယ်လ်ဘမ် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ထွက်ရှိမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာသံအဆိုတော် ဗညားဟန်နှင့် အဆိုတော် ဆုထက်အိမ်ထွန်းတို့ စုံတွဲသီဆိုသရုပ်ဆောင်ထားသည့် သုံးရက်အတွင်းလာခိုးပါ အမည်ရှိ တေးအယ်လ်ဘမ် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ထွက်ရှိမည်ဖြစ်ကြောင်း အဆိုတော် ဆုထက်အိမ်ထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ တေးအယ်လ်ဘမ်တွင် တေးရေး စန္ဒရား ထက်လူဦး ရေးသားထားသည့် တေးသီချင်း ၁၀ ပုဒ်ပါရှိမည်ဖြစ်ပြီး အဆိုတော် ဗညားဟန်နှင့် စုံတွဲသီဆိုသရုပ်ဆောင်ထားသည့်သီချင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ကိုဗညားဟန်က နှစ်ပုဒ် ကူညီသီဆို သရုပ်ဆောင်ပေးထားပါတယ်။ ကိုဗညားဟန်နဲ့က ကိုကိုနဲ့ဆုလေးဆိုတဲ့ တေးသီချင်း Music Video (MV) က လူသိများတဲ့အတွက် အခုထွက်ရှိမဲ့ သုံးရက်အတွင်း လာခိုးပါဆိုတဲ့ တေးအယ်လ်ဘမ်မှာ ထည့်သွင်းထားတာဖြစ်ပါတယ်။ တော်တော်များများတော့ ပြီးနေပါပြီ။ ဇန်နဝါရီလထဲမှာ ထွက်ရှိမှာပါ"ဟု အဆိုတော် ဆုထက်အိမ်ထွန်းက ပြောပြသည်။



သုံးရက်အတွင်းလာခိုးပါ တေးသီချင်းအယ်လ်ဘမ်တွင် ပါဝင်သည့်တေးများသည် မိဘမေတ္တာဘွဲ့၊ မင်္ဂလာအခမ်းအနားများတွင် သီဆိုနိုင်ရန် ရည်ရွယ်ထားသည့် တေးသီချင်းများဖြစ်ကြောင်း သိရသည်။

ASH

# Ballerina ဇာတ်ကား၌ မင်းသား ဂါဘရီယယ်ဘန်း ပါဝင်မည်ဖြစ်

**နယူးယောက် ဒီဇင်ဘာ ၂၃**

John Wick ရုပ်ရှင်ဇာတ်ကားများ၏ မူကွဲဇာတ်ကားဖြစ်သော Ballerina ဇာတ်ကား၌ ရွှေကမ္ဘာလုံးဆုရှင် မင်းသား ဂါဘရီယယ်ဘန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

Ballerina ဇာတ်ကားတွင် မင်းသား ဂါဘရီယယ်ဘန်းသည် မင်းသမီး အန်နာဒီအားမက်၊ မင်းသား ကီနူးရိဗ်၊ အီယန်မက်ရှိန်းစသည့် နာမည်ကျော်အနုပညာရှင်များနှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Ballerina ဇာတ်ကား၌ မင်းသား ဂါဘရီယယ်ဘန်း ပါဝင်သရုပ်ဆောင်မည့် ဇာတ်ကောင်နေရာကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း၊ Ballerina ဇာတ်ကားသည် အမျိုးသမီးလုပ်ကြံရေးသမားတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်ပြီး မင်းသမီး အန်နာဒီအားမက်က အထက်ပါဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ballerina ဇာတ်ကားကို ဒါရိုက်တာ လန်းဝိုက်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် ရိုက်ကူးမှု စတင်နေပြီဖြစ်ကြောင်း သိရသည်။ KKO



# သရက်မြို့နယ် ပွန်းကြီးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သရက် ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပွန်းကြီးကျေးရွာတွင် စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၃ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန္ဒာနွယ်နွယ်အောင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ထမ်းဆောင်ရမည့်တာဝန်များ၊ ခံစားခွင့်များအကြောင်းကို ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပွန်းကြီးကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

သရက်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို ပွန်းကြီးကျေးရွာအပါအဝင် ကျေးရွာ ၁၂ ရွာ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

ကိုညီ

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends Christmas Thanksgiving



Senior General Min Aung Hlaing and Daw Kyu Kyu Hla take part in the Christmas Thanksgiving ceremony.

**Nay Pyi Taw December 23**

Myanmar Council of Churches (MCC), Catholic Bishops of Republic of Union of Myanmar, Myanmar Evangelical Christian Alliance, Myanmar Christian Mission Cooperation Organization jointly organized the Christmas Thanksgiving at Holy Cathedral Church at the corner of Bogyoke Aung San Street and Shwedagon Pagoda Road in Pabedan Township, Yangon Region, this evening, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, the SAC Joint Secretary and wife, SAC members and their wives, Union ministers and their wives, senior military officers from Office of Commander-in-Chief and their wives, the Yangon Region chief minister, the Yangon Command commander, the mayor, bishops of MCC, Catholic bishops, bishops of Alliance and Cooperation Organization, officials of Interfaith Friendship Group, guests, Christians in Myanmar, Catholic youths and local Christian elders.

On arrival at the Holy Cathedral Church, the Senior General and party were welcomed by Archbishop of Catholic Archdiocese of Yangon Cardinal Charles Maung Bo and pastors. The ceremony began with the Christmas wish extended by Reverend Saw San Aung (MCMC). Then a carol was sung. Reverend Saw Sam San (MBC) extended greetings.

In his Christmas greetings, the Senior General said Christmas which falls on 25 December every year is a special holy day. And it is an honour to take part in Christmas together with Christians. The Senior General also wished all Christians and global people including Myanmar peace and tranquility under the loving kindness of Lord Jesus.

He said sharing God's immense love, kindness and compassion for all mankind is the essence of Christmas prayer service. All human beings should capture the Christmas essence with mutual love and kindness. In this way, a peaceful and prospering human community will turn the world into a tranquil place.

The world has many religions, and Buddhism, Christian, Islam and Hinduism are designated as the four major religions. Every religion guides people towards secular and religious benefits, love peace and compassion. Religious teachings will surely lead us to a peaceful society and a peaceful and prosperous country.

The Constitution of Myanmar allows freedom of worship for all religions including the four major religions. The State is protecting all the religions it has recognized. Section 34 of the Constitution says, "Every citizen is equally entitled to freedom of conscience and the right to freely profess and practise religion subject to public order, morality or health and to the other provisions of this Constitution."

People of Buddhism, professed by the largest number of people in Myanmar, and of Christian, Islam and Hinduism faiths have been living in harmony in Myanmar since yore without attacking one another or making any discrimination. They have been living in unity and serving the national interest with fraternal spirit. They must continue this practice and must be aware of the attempts to destroy and break up unity by misusing the religion.

As regards peace, he said as all religions are based on peace, which is essential for all human societies. SAC always opens the door to peace, and Tatmadaw is always ready for peace negotiations. All along history, all successive governments made efforts to achieve peace.

In the time of our government, efforts are being made with might and main by laying down the roadmaps to ensure peace. Reverends of respective Christian denominations and heads of various religions, who are present today, are requested to participate in the process of ensuring perpetual peace in the country as much as they can. The two national goals for our country are to ensure prosperity of the nation and food security.

As the main teaching of a religion is prosperity, all are urged again to work altogether in the process of ensuring perpetual peace with their wish of peace. Staying and working disciplined will be helpful to achieving prosperity. Food security is directly helpful to the propensity of the nation. Therefore, each of the people across the nation needs to have its own responsibility.

All are urged to work together from the auspicious moment of Christmas Day for the year of 2022 to ensure good opportunities of stability and peace, security and peace and co-existence of all religions that are mainly necessary for the nation.

According to the wording "Peace on Earth and Good will toward men" by the evangelist Luke, I am wishing the reverends of Christian denominations who organized today's event, union level departmental dignitaries, senior military officers, dignitaries of Interfaith Friendship Organization, special guests and all citizens having merry Christmas along with happiness, peace and healthiness and gladness.

Then, Sr. Daisy (CBCM) and Archbishop U Myat Hsan read the Bible and Archbishop Stephen Than Myint Oo Christmas messages.

Next, Reverend Dr. Myo Win and Reverend Dr. Aye Min expressed words of thanks, made a special wish for the Republic of the Union of Myanmar and sang a hymn together.

Afterwards, Archbishop Cardinal Charles Bo made a Christmas wish for the nation and all the Myanmar citizens.

Later, the Senior General and wife were given a Christmas gift painting by Cardinal Charles Bo, Archbishop Stephen Than Myint Oo and Archbishop Dr. Aye Min. The Senior General and wife returned Christmas gifts and cash donations to them.

The Senior General and party had dinner together hosted by Myanmar Council of Christian Churches, CBCM, Myanmar Evangelical Christian Alliance, and Myanmar Christ Mission Cooperation Federation.



Christmas Thanksgiving ceremony in progress.

# SAC Chairman Prime Minister Senior General Min Aung Hlaing meets officials of associates of UMFCCI



Senior General Min Aung Hlaing meets with officials from associates of the Republic of the Union of Myanmar Federation of Chambers of Commerce and Industry.

**Nay Pyi Taw December 23**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing met with officials from associates of the Republic of the Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI at the Mingala Hall of UMFCCI in Yangon this morning.

Also present at the meeting were SAC Joint Secretary Lt-Gen Ye Win Oo, Council members General Mya Tun Oo, Admiral Tin Aung San, Union ministers, the chief minister of Yangon Region, senior military officers of the Office of the Commander-in-Chief, the commander of Yangon Region and officials, the Yangon mayor, central executive committee members of UMFCCI and officials of associate organizations.

**Discussions on task undertakings and requirements of relevant sectors**

First, UMFCCI President U Aye Win reported on establishment of the federation, formation of the federation, admission of associate organizations under the disciplines, running of the federation, policies and future plans. UMFCCI Vice President and President of Myanmar Rice Federation U Ye Min Aung and officials of associate organizations reported on formation of organizations, need of internationally recognized laboratories to increase export volume from respective sectors, needs to apply modern techniques for development of agriculture sector, needs of assistance for capital, skilled labour and techniques for further development of industries, checking quality of goods for importing necessary raw materials and setting cheap rate of commercial tax, needs of skilled workers and technician human resources for development of agriculture and livestock sectors, encourage to private sector for generating electricity using renewable energy, wider use of electric vehicles at home, holding expos for domestic goods to grasp market shares, job opportunities for the people, occupying market shares of export goods, needs of harmonious efforts of the government, businesspersons and organizations to develop the economy, easing restriction for soft tariff rate for imported ICT goods, and arrangements for holding the gems emporiums on sale with foreign currency as well as kyat currency.

**Discussions of Union ministers in relevant sectors**

In response to the reports, Union ministers U Win Shein, Dr Kan Zaw, Dr Charlie Than and U Aung Naing Oo discussed efforts for economic development of the State, State's contributions to capital and necessary requirements for development MSME industries, issuance of licences as quickly as possible, provision of techniques and capitals by relevant ministries for manufacturing sector based on agriculture and livestock sectors, efforts of ministries to develop the electric vehicles for transportation measures, and undertakings for economic development.

**Encouragement to manufacturing measures based on agriculture and livestock sectors**

In his speech, the Senior General said that UMFCCI has been founded for more than 100 years, with free from any reliance on others. As governments in successive eras have undertaken development of the nation, and the current government is also striving for improvement of the country. Only when manufacturing measures are active will trade and service come into existence. To be able to do so, the government makes management, encouraging MSME businesses for manufacturing products. Some 75 per cent of the people are residing in the rural area, primarily engaging in agriculture and livestock farms. Hence, manufacturing and trading based on agriculture and livestock measures can get greater benefit which can help the State economy improve.

MSME industries aim to encourage domestic businesses, substitute the import products and increase the export volume. Priority must be given to manufacturing measures in order to encourage the local businesses. The democratic governments in first and second terms emphasized import of goods rather than the manufacturing the products and faced trade deficit. Prioritizing the domestic production is further benefitting the State. It is necessary to focus on improvement of public economy rather than the economy of a group in order to develop the domestic economy. Hence, the government is enhancing the work process of businesses beneficial for the majority of the people.

Different systems were applied in different eras for national economic growth. The Tatmadaw government adopted market economy, which came into shape in 2011 when the country was on the road to multi-party democracy. However, the government still has to engage in some businesses that the private sector could not. The aim is to encourage private businesses. Yet, doing business cannot deviate from disciplinary measures from a government. So, the UMFCCI is urged to cooperate fully with the government for national economic development.

With less productivity in the country, there are still few trade activities. It is necessary to mass-produce quality goods. The use of products from the existing agricultural, livestock and natural resources will contribute to national economy.

Regarding State loans, there are loans for development as well as businesses. The State is providing loans for capital investments. A larger cash flow inside the country will facilitate businesses. Thus, the State is encouraging investment.

Efforts must be made to acquire inputs that are necessary in the manufacturing sector. Electricity demand is not met yet as some of hydropower projects halted for various reasons. So, solar and wind power projects are required. Likewise, power generation from husk-fired power is also encouraged.

The country has a lot of fertilizer plants and measures are being taken to fully operate them. Waste from livestock breeding can used as bio-fertilizer. Natural fertilizers like EM Bokashi can also be used. Agricultural activities require seeds, soil, irrigation water and methods. Agricultural businesses will improve if relevant organizations are to make their efforts.

Agricultural businesses can be operated successfully in the country. They should be systematically and efficiently in a disciplined manner on the allotted plots. The successful manufacturing of consumer products and foodstuffs from agriculture and livestock breeding will meet domestic demands and benefit the country. With domestic demands met and surpluses, there will be export processes.

**Rich human resources**

Measures are being taken for education promotion of the people for human resource development. Subject-wise schools are being opened for turning professionals. If the private sector can produce skilled workers, the State will encourage and support it. Investment in education is tremendous and very beneficial for the State. It is necessary to give training so that students can be really skilled in their respective subjects.

**Use resources efficiently and encourage manufacturing businesses**

The country is badly in need of paper. Pulp can be produced from wood and bamboo resources. If pulp and paper factories are to be established in the country, the State will support. Moreover, locally produced rubber can be used to manufacture consumer goods. As there are imports of textiles every year, efforts should be made to improve cotton cultivation and production. For the garment industry, greater efforts are necessary for greater development. That industry can create jobs for women. It is also required to ensure that they receive right salaries and other privileges. Skilled labour and improved machinery will ensure quality goods and higher demand.

Raw materials for manufacturing steel necessary for domestic construction tasks have been available and any national entrepreneurs will be encouraged to manufacture steel at home. As the country has to import most consumer products, it has to spend a large sum of foreign exchange. It will be of great benefit if consumer products are manufactured at home and distributed at reasonable prices.

In connection with the banking sector, banking operations came to a halt when the government took office due to various reasons but the sector has recovered at present. Bankers are urged to carry out their operations lawfully and properly. As the banking sector is important for the country, the government has to take measures to prevent banks from collapsing.

Efforts are being made for the development of the tourism sector. Tasks are always carried out for the cleanliness and pleasantness of wards and villages, which contribute to the development of tourism. It will be of great benefit for the country if the development of the tourism sector can be achieved.

As the country is in need of medicines, it is necessary to manufacture medicines that can be produced at home except some medicines to meet the demand. As there is a large number of people who go abroad to receive healthcare services, the government is ready to permit entrepreneurs to build private hospitals as such enterprises are greatly beneficial to the public.

As organizations participating in the meeting are the ones which carry out most tasks for the economic development of the country, all the organizations are urged to cooperate and exert efforts in the interests of the country without any political bias.

Then, the Senior General cordially greeted the central executive committee members of the UMFCCI and officials from its affiliate organizations. 100

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win enjoys Future of Stars solo music concert of famous singer Myanmarpyay Thein Tan



Vice-Senior General Soe Win enjoys the entertainment program.



**Nay Pyi Taw December 23**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win enjoyed the Future of Stars solo music concert of famous singer Myanmarpyay Thein Tan presented in commemoration of the Diamond Jubilee 75th Anniversary of Independence Day (2023) at the Thabin Hall of the Zeyarthiri Beikman in Nay Pyi Taw this evening.

Also present at the concert were Daw Than Than Nwe, the wife of the Vice-Senior General, Secretary Lt-Gen Aung Lin Dwe and members of the SAC, senior officers from the Office of the Commander-in-Chief (Army, Navy, Air) and wives, departmental officials, personnel and families.

The audience enjoyed songs including Yadanabon, Aung Say-Te Say-Nyi Say, Yawthudo Ywa, Ma Baydar, Sanaydaunt Hmar Pan Hlumal, Myitsone Tho Lwan Seik Mapyay, Shwe Thondayi, Thawka Taungtan, Chithuchinmo Thinarle, Kaungthaw Nya and performance for the songs presented by Myanmarpyay Thein Tan and the band.

After the concert, the Vice-Senior General presented a basket of honorary flowers and Ks 30 million donated by families of the Tatmadaw (Army, Navy, Air) to Myanmarpyay Thein Tan and band.

The concert was performed by singer Myanmarpyay Thein Tan and band to raise funds for orphans in different parts of the country.

100

# Articulating Myanmar's Position on United Nations Security Council Resolution

It is observed that the United Nations Security Council adopted a resolution on Myanmar through voting at its meeting in New York, United States on 21 December 2022. It is mentioned in the UN Charter that the member states confer the Security Council primary responsibility for the maintenance of international peace and security. The situation in Myanmar is solely the internal affairs which in no way pose any risk on international peace and security. Hence, Myanmar highlights that the adoption is not in line with the Charter of the United Nations.

The Britain-initiated resolution was found to incorporate several intrusive elements on Myanmar's internal affairs that contravene the principles and purposes of the United Nations. Moreover, it is observed that the resolution also constitutes human rights related matters which have already been discussed repeatedly at the Third Committee of the General Assembly and the United Nation Human Rights Council and which also fall outside the purview of the Security Council's mandate.

It is found out that the resolution demands an end to violence. Myanmar's security forces have been performing with utmost restraint in accordance with the existing laws. Only the terrorist acts of unlawful organizations, the so-called NUG and PDFs, necessitates condemnation and prohibition.

Myanmar has to declare the State of Emergency after the massive electoral fraud occurred in 2020 General Elections and subsequently implementing the provisions of the state of emergency. Furthermore, Myanmar has been steadfastly fulfilling the Five-Point Road Map, including the holding of free and fair multiparty democratic elections in line with the 2008 Constitution to hand over State duties to the winning party. Therefore, it is for the international community to support and encourage the Government's endeavours to return to democracy.

In its cooperation with the ASEAN to implement ASEAN five-point consensus, Myanmar upholds principles of non-interference in internal affairs and respecting sovereignty along with the principles of the ASEAN Charter. The said principles will also be fundamental in providing the humanitarian assistance under the ASEAN scheme to the people in need without any discrimination.

Likewise, the principles of non-interference and respecting sovereignty play a substantial role in Myanmar's engagement with Special Envoy of the United Nations Secretary-General on Myanmar. Myanmar will continue its cooperation for repatriation of the displaced persons from Bangladesh in accordance with the bilateral arrangements between the two countries.

Myanmar is a multi-ethnic and multi-religious country. It is imperative that history and national characteristics of the country, and divisions created by colonial divide and rule policy are thoroughly considered when it comes to Myanmar issues. Only Myanmar knows best such delicate and wide-ranging matters and it has the ability to handle them.

It is noted that external interventions by means of interferences and putting pressure do not bring any success in many countries, given the different historical backgrounds of the countries. The Government of Myanmar has been endeavouring to ensure perpetuation of sovereignty and non-disintegration of the Union and national solidarity while prioritizing the interests of the people for peace, stability and development of the country. Exerting pressure to destabilize Myanmar rather than supporting the government's efforts does not help the country and Myanmar will not accept such acts.

It is further noted that the elements contained in the Security Council resolution do not contribute to peace and stability of Myanmar except politicization. Myanmar will uphold the 2008 Constitution, existing laws and fundamental principles as the only norms in carrying out the state affairs.

**Ministry of Foreign Affairs**
**23 December 2022.**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၂၁၈ ဧက လျာထားစိုက်ပျိုး



ယခုနှစ် မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ သုံးမျိုး ၂၂၁၈ ဧက လျာထားစိုက်ပျိုးနေကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံသုံးမျိုးဖြစ်သည့် မြေပဲ ၁၅၄၇ ဧက၊ နှမ်း ၄၇၁ ဧက၊ နေကြာဧက ၂၀၀ စသည့်ဆီထွက်သီးနှံစုစုပေါင်း ၂၂၁၈ ဧကကို ဒီဇင်ဘာလပထမပတ်က စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများကို ပြည်သူများ ဆီစားသုံးမှုဖူလုံစေရန်၊ ဘေးကင်းလုံခြုံသည့်ဆီများ စားသုံးနိုင်ရန်၊ ဒေသနှင့်နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်က တောင်သူတွေ စပါးအပြင် ဆီထွက်သီးနှံတွေကိုလဲ စိုက်ပျိုးကြပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံ သုံးမျိုးစုစုပေါင်း ၂၂၁၈ ဧက လျာထားစိုက်ပျိုးနေပါတယ်။ ဆီထွက်သီးနှံတွေကို လျာထားချက်ပြည့်မီအောင် စနစ်တကျစိုက်ပျိုးနိုင်ဖို့အတွက် နည်းပညာတွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနှစ်ဆီထွက်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေစိုက်ပျိုးနိုင်ဖို့ကိုလဲ ဒေသခံတောင်သူတွေနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေ ကြိုတင်တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆီထွက်သီးနှံများကို အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနများက ချိတ်ဆက်ပံ့ပိုးပေးပြီး ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေသတ္တမအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၂ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖွဲ့ဝင်များက ရှောက်ပင်အင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၂၀ ကို ငွေကျပ် ၃၆၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၇၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



ရှောက်ပင်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေသတ္တမအကြိမ် ထုတ်ချေးခြင်းအခမ်းအနားသို့ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ရှောက်ပင်အင်းကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

**နွံ့ယဉ်**

# မိုင်းယောင်းမြို့နယ်တွင် ဝမ်ခိုက်-ဟောင်ကြန့်-ဝမ်ကောင်း-ဝမ်တောင်လမ်း (ထပ်လုံစေတီလမ်း) ကတ္တရာထပ်ပိုးလွှာခင်းနေမှု ကွင်းဆင်းစစ်ဆေး

**တာချီလိတ် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မိုင်းယောင်းမြို့နယ်တွင် ဝမ်ခိုက်-ဟောင်ကြန့်-ဝမ်ကောင်း-ဝမ်တောင်လမ်း(ထပ်လုံစေတီလမ်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက မိုင်းယောင်းမြို့နယ် ဝမ်ခိုက်-ဟောင်ကြန့်-ဝမ်ကောင်း-ဝမ်တောင်လမ်း(ထပ်လုံစေတီလမ်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စစ်ဆေးကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ဝမ်ခိုက်-ဟောင်ကြန့်-ဝမ်ကောင်း-ဝမ်တောင်လမ်း(ထပ်လုံစေတီလမ်း) အရှည် ၆ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၀၀ ဒသမ ၁၉၅ သန်းဖြင့် မိုင်းယောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာဖြင့် ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်တော့မည်ဖြစ်ကြောင်းနှင့် ကျေးလက်ဒေသများမှထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အရောက်တင်ပို့ရောင်းချခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၃-၁၂-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၂၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)










တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

**လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များအား တင်ပြဆွေးနွေး**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းက အသင်းချုပ် စတင်တည်ထောင်ခဲ့မှု၊ အသင်းချုပ်အား ဖွဲ့စည်းထားရှိမှု၊ အသင်းချုပ်၏ ညီနောင်အသင်းအဖွဲ့များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်လက်ခံမှု၊ အသင်းချုပ်၏ လည်ပတ်နေမှု၊ အသင်းချုပ်၏မူဝါဒများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် UMFCCI ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဖြစ်သူ ဦးရဲမင်းအောင်နှင့် တက်ရောက်လာကြသည့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက အသင်းအဖွဲ့အလိုက် ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ကဏ္ဍအလိုက်မှ ပို့ကုန်များကို ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မှု၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းစနစ်များ အသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အရင်းအနှီး၊ ကျွမ်းကျင်လုပ်သားများ၊ နည်းပညာစသည်တို့တွင် ကူညီဆောင်ရွက်ပေးစေလိုမှု၊ လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများတင်သွင်းရာတွင် ကုန်ပစ္စည်းအရည်အသွေးပြည့်မီမှုစစ်ဆေးပေးနိုင်ရန်နှင့် ကုန်သွယ်ခွန်ကောက်ခံမှုအား သက်သာသောနှုန်းထားဖြင့် ခွင့်ပြုပေးစေလိုမှု၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားနှင့် အတတ်ပညာရှင် လူသားအရင်းအမြစ်များ လိုအပ်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူမှုတွင် ပုဂ္ဂလိက ကဏ္ဍ အားပေးကူညီစေလိုမှုနှင့် လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ နိုင်ငံအတွင်း အသုံးပြုမှုတွင်ကျယ်လာစေရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ရရှိရေး ကုန်စည်ပြပွဲများ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်မှု၊ ပြည်သူများ အလုပ်အကိုင်ကောင်းမွန်စွာရရှိရေး၊ ပြည်ပပို့ကုန်များ ဈေးကွက် ပိုမိုရရှိရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှု၊ ICT ဆိုင်ရာ သွင်းကုန်ပစ္စည်းများ အခွန်နှုန်းသက်သာစွာဖြင့်ရရှိရေး ကန့်သတ်ချက်များဖြေလျှော့ပေးစေလိုမှု၊ ကျောက်မျက်ရတနာရောင်းချပွဲများတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပြပွဲများအပြင် မြန်မာကျပ်ငွေဖြင့်ရောင်းချသည့် ပြပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးစေလိုမှု စသည်တို့နှင့်ပတ်သက်၍ လိုအပ်ချက်များ အသီးသီးအကြံပြုဆွေးနွေးတင်ပြကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများ၏ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦးတို့က နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမတည်ငွေနှင့် လိုအပ်ချက်များကို တတ်နိုင်သရွေ့ နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ လိုင်စင်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်လုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာနှင့် အရင်းအနှီးများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝန်ကြီးဌာနများမှလည်း ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)သည် ဖွဲ့စည်းတည်ထောင်မှုနှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်ပြီး အမှီအခိုကင်းသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သကဲ့သို့ မိမိတို့အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ရောင်းဝယ်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးရကြောင်း၊ ထုတ်ကုန်များရရှိရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)ကိုအခြေခံသည့် လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို ဆောင်ရွက်ခြင်းသည် အကျိုးများစွာဖြစ်ထွန်းစေပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေး အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်**ကြောင်း၊ **ပြည်တွင်းစီးပွားရေးကို အားပေးရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရန်လို**ကြောင်း၊ ဒီမိုကရေစီပထမအစိုးရနှင့် ဒုတိယအစိုးရသက်တမ်းတို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုထက် ပြည်ပမှ သွင်းကုန်တင်သွင်းမှုကို ဦးစားပေးခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို ဦးစားပေး၍ ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ပြည်တွင်း**စီးပွားရေးတိုးတက်ရန်အတွက် လူတစ်ဦး၏ စီးပွားတိုးတက်ရေးထက် လူအများ စီးပွားရေးတိုးတက်ရန်လည်းလို**ကြောင်း၊ ထို့ကြောင့် **အများ၏အကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်**ကြောင်း။

ခေတ်အဆက်ဆက်တွင် နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် စနစ်အမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းချိန်၌ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်လာခဲ့ကြောင်း၊ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကမှ မလုပ်နိုင်သည့် အချို့သောစီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရကြောင်း၊ မိမိတို့၏ရည်ရွယ်ချက်မှာ ပုဂ္ဂလိကစီးပွားရေးကို အားပေးလိုခြင်းဖြစ်ကြောင်း၊ သို့သော် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းကမ်းပိုင်းဆိုင်ရာအရ အစိုးရတစ်ရပ်၏ထိန်းကျောင်းမှုဖြင့်လည်း ကင်း၍ရနိုင်မည် မဟုတ်သောကြောင့် ယခု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းနည်းပါးမှုကြောင့် ရောင်းဝယ်မှုနည်းပါးခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များပြားစွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သယံဇာတပစ္စည်းများမှ ထုတ်ကုန်ပစ္စည်းများကို ထိရောက်စွာအသုံးချ၍ အကျိုးရှိစွာအသုံးပြုမည်ဆိုပါက မိမိတို့နိုင်ငံ၏စီးပွားရေးကဏ္ဍမှာ တိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ထုတ်ချေးပေးသည့် ချေးငွေနှင့်ပတ်သက်၍ ဖွံ့ဖြိုးရေးအရ ချေးငွေများရှိသကဲ့သို့ စီးပွားရေးအရ ထုတ်ချေးပေးသည့် ချေးငွေများရှိကြောင်း၊ နိုင်ငံတော်က တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှုများ များပြားမှသာလျှင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် သွင်းအားစုများလိုအပ်သဖြင့် ရရှိအောင်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်းများအနက် အချို့မှာ အကြောင်းအမျိုးမျိုးကြောင့်ရပ်တန့်ခဲ့ရသဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိသေးကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ စပါးခွံလောင်စာသုံး Gastifire ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိုလည်း လက်တွေ့အသုံးချနိုင်မည်ဆိုပါက အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဓာတ်မြေသြဇာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဓာတ်မြေသြဇာစက်ရုံများရှိပြီး အဆိုပါစက်ရုံများ **စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

လည်ပတ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူပြီး ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာများအဖြစ် အသုံးချနိုင်ကြောင်း၊ အလားတူ အီးအမ်ဘိုကာချီကဲ့သို့သော သဘာဝမြေဩဇာများကိုလည်း အသုံးပြုဆောင်ရွက်၍ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးရပ်စလုံး ပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်ပေးမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့ပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ပြီး အကျိုးရှိစွာ အသုံးချကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်ပစ္စည်းများဖြင့် လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင်ထုတ်လုပ်ပြီး ၎င်းထက်ပိုမို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

**MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေး အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကိုတိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရန်လို၊ စီးပွားရေးတိုးတက်ရန်အတွက် လူတစ်စု၏စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေးတိုးတက်ရန်လည်းလို၊ အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်. . .**

### လူသားအရင်းအမြစ်ကောင်းများရရှိရေး

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြည်သူများ ပညာရည်မြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ရေး ဘာသာရပ်များအလိုက် သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကအနေဖြင့်လည်း ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးမည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးအတွက်ရင်းနှီးမြှုပ်နှံမှုသည် များစွာကြီးမားပြီး နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက် ပညာရပ်များကို အမှန်တကယ် ကျွမ်းကျင်ပိုင်နိုင်သည်အထိ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

### သယံဇာတများကို အကျိုးရှိရှိထုတ်ယူသုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်

မိမိတို့နိုင်ငံတွင် စက္ကူလိုအပ်ချက်များစွာရှိပြီး သစ်နှင့် ဝါး သယံဇာတများကို စနစ်တကျထုတ်ယူအသုံးပြု၍ ၎င်းတို့မှ စက္ကူပျော့ဖတ်များ ထုတ်လုပ်၍ရကြောင်း၊ **ပြည်တွင်း၌ စက္ကူပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ ထို့ပြင် ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာများဖြင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရန်လိုကြောင်း၊ အလားတူ ချည်နှင့် ချည်ထည်များကို နှစ်စဉ် ပြည်ပမှတင်သွင်းနေရမှုများရှိသဖြင့် ပြည်တွင်း ဝါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အထည်ချုပ်လုပ်ငန်းများနှင့်ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အထည်ချုပ်လုပ်ငန်းသည် အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ကြောင်း၊ လုပ်သားများ၏ လစာငွေများနှင့် ရပိုင်ခွင့်များကိုလည်း မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်သားများကျွမ်းကျင်မှုရှိစေရေးနှင့် စက်ပစ္စည်းများ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်လာပြီး ဝယ်လိုအားမြင့်တက်လာမည်ဖြစ်ကြောင်း။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်သံမဏိများထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းများရှိပြီးဖြစ်ကြောင်း၊ **ပြည်တွင်း၌သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက မည်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များကိုမဆို အားပေးဆောင်ရွက်သွားမည်**ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူသုံးကုန်ပစ္စည်းများကို ပြည်ပမှအများဆုံးမှာယူသုံးစွဲနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း။

ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ယူချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ဘဏ်လုပ်ငန်းများ ရပ်တန့်ခဲ့ရကြောင်း၊ သို့သော် ယခုအခါဘဏ်လုပ်ငန်းများ ပြန်လည်လည်ပတ်လာပြီဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့်လည်း လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံအတွက် ဘဏ်လုပ်ငန်းသည် အရေးကြီးသဖြင့် ဘဏ်များပြိုလဲမှုမရှိစေရေး နိုင်ငံတော်က ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုနိုင်သည့် ရပ်ရွာများသန့်ရှင်းသာယာလှပရေးအတွက် အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်နိုင်မည်ဖြစ်ကြောင်း၊

မိမိတို့နိုင်ငံတွင် ဆေးဝါးလိုအပ်မှုများရှိသဖြင့် အချို့သော ဆေးဝါးများမှလွဲ၍ ထုတ်လုပ်နိုင်သည့်ဆေးဝါးများကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများ များပြားလျက်ရှိကြောင်း၊ **ပြည်တွင်း၌ ပုဂ္ဂလိကဆေးရုံလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ပြည်သူများအတွက် များစွာအထောက်အကူပြုမည်ဖြစ်၍ ဆောင်ရွက်ခွင့်ပြုပေးသွားမည်**ဖြစ်ကြောင်း။

နိုင်ငံစီးပွားတိုးတက်ရေးအတွက် ယခုတက်ရောက်လာကြသည့် အဖွဲ့အစည်းမှ အများဆုံး ဆောင်ရွက်နေခြင်းဖြစ်သဖြင့် နိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံ့အကျိုးကို ကြည့်၍ အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။





တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြစဉ်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃နှစ်က ဆင်ဖြူတော်(အထီး)လေး တစ်စီးကို ဇူလိုင် ၂၃ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမည်တော်မှာ **"ရဋ္ဌနန္ဒက"** ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။



အဆိုပါဆင်ဖြူတော်လေး **"ရဋ္ဌနန္ဒက"** မှာ ယခုအသက် ငါးလသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၁ လက်မ၊ ကိုယ်လုံး လုံးပတ် ၄ ပေ ၇ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၃၃၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး **"ရဋ္ဌနန္ဒက"**မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်ကလေးများ၏အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်ကလေးများ၏အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်ကလေးများ၏အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်အတွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါသီဆိုဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးရုံး၊ ဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ မြန်မာပြည်သိန်းတန်နှင့် အဖွဲ့က ရတနာပုံ၊ အောင်ဇေ-တည်ဇေ-ညီဇေ၊ ယောသူတို့ရွာ၊ မဇေဒါ၊ စနေထောင့်မှာ ပန်းလျှမယ်၊ မြစ်ဆုံသို့လွမ်းစိတ်မပြေ၊ ရွှေသုန္ဒရီ၊ သောကတောင်တန်း၊ ချစ်သူချင်းမို့ သိနားလည်၊ ကောင်းသောည စသည့် တေးသီချင်းများဖြင့်သီဆို၍ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသူများက ပျော်ရွှင်ကြည်နူးစွာကြည့်ရှုအားပေးကြသည်။

သီဆိုဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က မြန်မာပြည်သိန်းတန်နှင့်အဖွဲ့ကို ဂုဏ်ပြုပန်းခြင်းနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာနိုင်ငံအနှံ့အပြားရှိ မိဘမဲ့ကလေးများ (ရင်ခွင်မဲ့ကလေးများ)ကို ထောက်ပံ့ကူညီ ဆောင်ရွက်နိုင်ရေးအတွက် တေးသံရှင် မြန်မာပြည်သိန်းတန်နှင့် အဖွဲ့က သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က မြန်မာပြည်သိန်းတန်နှင့်အဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀၀ ကို မြန်မာပြည်သိန်းတန်နှင့်အဖွဲ့အား ပေးအပ်စဉ်။

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ) များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ ထုတ်လွှင့်ဖော်ပြအသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကိုပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အတွက် *601#၊ Atom အတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၃ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုအခြေအနေများအပေါ် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၃**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်ခဲ့မှုများနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ထားမှုများ၊ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ညှိနှိုင်းဆွေးနွေးနိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

အစွန်းရောက် အကြမ်းဖက်အုပ်စု ARSA အဖွဲ့သည် လူမျိုးရေးနှင့် ဘာသာရေးကိုအကြောင်းပြု၍ နယ်မြေအပိုင်စီးရယူလိုသည့်ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်မြောက်ဘက်ခြမ်းတွင် ပြည်သူများကို အကြမ်းဖက်ခြိမ်းခြောက်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ အကြမ်းဖက်အုပ်စု CRPH/NUG နှင့် ယင်း၏လက်အောက်ခံ အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော PDFs များသည် ဒီမိုကရေစီအရေးဟုကြွေးကြော်နေသော်လည်း အစိုးရအုပ်ချုပ်မှုယန္တရားများကို ပျက်ပြားစေပြီး ပြည်သူများကို ရက်စက်စွာသတ်ဖြတ် အကြမ်းဖက်ခြိမ်းခြောက်၍ ၎င်းတို့ကို ထောက်ခံမှုရရှိစေရန် နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုးပမ်းနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် သုံးသပ်အကြံပြုချက်များကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ်အောင်ဌေးမြင့်က အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အင်တာပိုလ်၊ အာဆီယံရဲအဖွဲ့၊ နှစ်နိုင်ငံရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက ၂၀၂၃ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုအခြေအနေများအပေါ် ကြိုတင်ကာကွယ်ရေး အစီအမံများ၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးရေးထိရောက်မှုရှိရန် စီမံဆောင်ရွက်ထားမှုများ၊ အစွန်းရောက်မှုများ ကြိုတင်ကာကွယ်ရေးနှင့် အကြမ်းဖက်ဖြစ်စဉ်များကို လက်ဦးမှုရယူဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်အချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ခွင့်ပြုပေးထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ ဘာသာရပ်ဆိုင်ရာအရာရှိကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဗဟိုအဖွဲ့ဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘက်စုံထူးချွန်ထက်မြက်ပြီး အနာဂတ်တွင် နိုင်ငံတော်ကအားထားရသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး အလေးထားကြိုးစားဆောင်ရွက်





**နေပြည်တော် ဒီဇင်ဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၃)အတွင်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဗဟိုလေ့ကျင့်ရေးကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၏ စားသောက်ရေးနှင့် သက်သာချောင်ချိရေးကို အထောက်အကူဖြစ်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကြက်၊ ဝက်၊ ငါးမွေးမြူရေးစခန်းကို ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီတွင် ပြီးစီးအောင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက် ဗဟိုလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိပြီး နီပွန်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဖွင့်လှစ်ထားသည့် ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း အမှတ်စဉ်(၅)တွင် တက်ရောက်နေကြသည့် သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှု၊ Japan Myanmar Association (JMA)နှင့် ပူးပေါင်းဖွင့်လှစ်ထားသည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး သင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်နေကြသည့် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမများ၊ စားရိပ်သာများ၊ အိပ်ဆောင်များနှင့် Green House များ၌ စိုက်ပျိုးထားရှိမှု၊ ငါးကန်များတွင် ငါးမွေးမြူထားရှိမှုနှင့် တည်ဆောက်ဆဲ သင်တန်းသားလေးထပ်အိပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သို့ ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမတွင် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ၍ ဘက်စုံထူးချွန်ထက်မြက်ပြီး အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရေး အလေးထားကြိုးစား ဆောင်ရွက်သွားကြရန် မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်းအတူတကွသုံးဆောင်ပြီး ကျောင်းဝင်းအတွင်းရှိ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ တည်ဆောက်နေမှုနှင့် အားကစားကွင်း အဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒီဇင်ဘာ ၂၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဒီဇင်ဘာ ၂၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၀၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၅၉၉ ဦး |
| သေဆုံးသူ | ၁၉၄၈၉ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၁၉၈ ဦး |

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် အခွန်အယူခံခုံအဖွဲ့အဆောက်အအုံသစ် ဖွင့်လှစ်



**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ရုံးအမှတ်(၅၇) ဥတ္တရသီရိမြို့နယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးတို့က အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အခွန်အယူခံခုံအဖွဲ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ယင်းနောက် အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ် ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက အခွန်အယူခံခုံအဖွဲ့ ပေါ်ပေါက်လာပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အခွန်အယူခံခုံအဖွဲ့ရုံးသစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ တက်ရောက်လာသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ချင်းပြည်နယ် ဟားခါးမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ချင်းပြည်နယ် ဟားခါးမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ရာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မိသားစုဝင်များ၏ တင်ပြချက်များအပေါ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

# တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မြိတ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ တာဝန်ရှိသူများက သင်တန်းသားစစ်သည်များနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်း အပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန် မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ်(Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့အရေးဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏ အခြေခံမူဝါဒရပ်တည်ချက်များနှင့်အညီသာ ရပ်တည်ဆောင်ရွက်သွားမည်

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုအပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်များကို ထုတ်ပြန်

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်းသိရသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရေးကို အဓိကတာဝန်ယူဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လုံခြုံရေးကောင်စီသို့ တာဝန်အပ်နှင်းထားသည်။ မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ထိခိုက်သက်ရောက်မှုမရှိဘဲ ပြည်တွင်းရေးသာဖြစ်သည်။ သို့ဖြစ်ရာ လုံခြုံရေးကောင်စီက ယခုကဲ့သို့ဆုံးဖြတ်ချက်အဆိုကို အတည်ပြုချမှတ်ခဲ့ခြင်းမှာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ညီညွတ်ခြင်းမရှိကြောင်း အလေးထားဖော်ပြအပ်သည်။

ဖော်ပြပါဆုံးဖြတ်ချက်အဆိုကို ဗြိတိန်နိုင်ငံက ဦးဆောင်တင်သွင်းခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂ၏အခြေခံမူနှင့် ရည်ရွယ်ချက်များနှင့် ဆန့်ကျင်လျက် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သောအချက်များစွာ ပါဝင်ကြောင်းတွေ့ရှိသည်။ ထို့ပြင်ဆုံးဖြတ်ချက်အဆိုတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကိုလည်း ထည့်သွင်းဖော်ပြထားရာ၊ အထွေထွေညီလာခံ တတိယကော်မတီတွင်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီတွင်လည်းကောင်း အကြိမ်ကြိမ်ဆွေးနွေးပြီးသောကိစ္စရပ်များဖြစ်သဖြင့် လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အတွင်းကျရောက်ခြင်းမရှိသော ကိစ္စရပ်များဖြစ်ကြောင်းလည်း တွေ့ရှိရသည်။

ဆုံးဖြတ်ချက်အဆိုတွင် အကြမ်းဖက်မှုများရပ်တန့်ရန် တောင်းဆိုထားကြောင်း တွေ့ရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တည်ဆဲဥပဒေများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသော၊ တရားမဝင်အဖွဲ့အစည်းများအဖြစ် ကြေညာထားခြင်းခံရသည့် NUG နှင့် PDFs တို့၏ လုပ်ရပ်များကိုသာ ရှုတ်ချတားဆီးရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုဖြစ်စဉ်များကြောင့် အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့်အညီ လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပလျက် အနိုင်ရသည့်ပါတီအား နိုင်ငံတော်တာဝန် လွှဲအပ်ပေးရေးအပါအဝင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာအစိုးရ၏ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အားပေးထောက်ခံရန်လိုအပ်သည်။

အာဆီယံတူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှုကို ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လေးစားရန်နှင့် အာဆီယံပဋိညာဉ်စာတမ်းပါအချက်များအပေါ် အခြေခံလျက်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အာဆီယံ၏အစီအစဉ်အရ ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း ခွဲခြားမှုမရှိဘဲ အကူအညီလိုအပ်သူများထံ ပေးအပ်နိုင်ရေးအတွက် အထက်ပါရပ်တည်ချက်အတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ထိတွေ့ဆက်ဆံရာတွင်လည်း မြန်မာနိုင်ငံ၏ အခြေခံရပ်တည်ချက်များဖြစ်သည့် ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လေးစားရန်မူများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြားသဘောတူညီချက်များနှင့်အညီ စိစစ်လက်ခံရေးကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံဖြစ်သည်။ မြန်မာ့အရေးစဉ်းစားရာတွင် သမိုင်းကြောင်းနှင့် အမျိုးသားစရိုက်လက္ခဏာများကိုလည်းကောင်း၊ ကိုလိုနီစနစ်၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ဖြစ်ပေါ်ရသည့် စိတ်ဝမ်းကွဲပြားမှုများကိုလည်းကောင်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ယင်းသို့သော နက်နဲကျယ်ပြန့်သည့်ကိစ္စရပ်များကို မြန်မာနိုင်ငံကသာ အသိရှိဆုံးဖြစ်ပြီး ဖြေရှင်းနိုင်စွမ်းရှိသည်။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ နောက်ခံသမိုင်းကြောင်းမှာ တူညီမှုမရှိခြင်းကြောင့် ပြည်ပနိုင်ငံများ၏ စွက်ဖက်မှုများနှင့် ဖိအားများဖြင့် ကြားဝင်ဆောင်ရွက်မှုများသည် နိုင်ငံအများအပြား၌ အောင်မြင်မှုမရရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုလျက် နိုင်ငံတော်လုံခြုံတည်ငြိမ်၊ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အားပေးထောက်ခံရမည့်အစား ပြည်တွင်းတည်ငြိမ်မှုကို ထိခိုက်ပျက်ပြားစေမည့် ဖိအားပေးမှုများသည် မည်သို့မျှအထောက်အကူမပြုကြောင်းနှင့် ယင်းသို့သောဆောင်ရွက်ချက်များကို မြန်မာနိုင်ငံက လက်ခံမည်မဟုတ်ကြောင်း ဖော်ပြအပ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ပါ အချက်များသည် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အပြုသဘော အကျိုးဖြစ်ထွန်းမှုမရှိစေဘဲ၊ နိုင်ငံရေးသွတ်သွင်းရန်ရည်ရွယ်ထားသည့် အချက်များကိုသာ ဦးစားပေးထားကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့အရေးဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏ အခြေခံမူဝါဒရပ်တည်ချက်များနှင့်အညီသာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်။**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများ တွေ့ဆုံနှီးနှောဖလှယ်ပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများ တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးပညာရှင်များ၊ တိုင်းဒေသကြီးအတွင်းမှ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၀၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးကိုယ်စားပြု ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနား၌ နေကြာသီးနှံ၊ ဝါသီးနှံတို့တွင် စိုက်ပျိုးထုတ်လုပ်ရာ၌ ထူးချွန်ဆုများရရှိခဲ့သော တောင်သူနှစ်ဦးကို ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက လယ်ယာကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို Video Clip ဖြင့်ပြသပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စကားဝိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ VFRDC သုတေသနတာဝန်ခံ ဒေါက်တာဝဏ္ဏာထွန်းက Moderator အဖြစ်ဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်မှ အမြဲတမ်းအတွင်းဝန်(ငြိမ်း)က စပါးသီးနှံ အထွက်နှုန်းတိုးတက်ရေးဆိုင်ရာနည်းလမ်းများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနဌာနမှူး ဒေါက်တာမျိုးဝင်းက ဆီထွက်သီးနှံ အထွက်နှုန်းတိုးတက်ရေးဆိုင်ရာ နည်းစနစ်များ၊ ဝါနှင့် လျှော်မျှင်ထွက် သီးနှံဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မျိုးငြိမ်းက ဝါသီးနှံအထွက်နှုန်းတိုးတက်ရေးဆိုင်ရာနည်းစနစ်များ၊ Farm Support Center and Agro-forestry Pilot Projectr ဥက္ကဋ္ဌ ဦးအောင်မျိုးဦးက PPP ဆောင်ရွက်နေမှုများ စသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းကောင်းများကို တောင်သူဦးကြီးများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနများ၏ ပြခန်းများ၊ မျိုးစေ့ထုတ်ကုန်များ၊ ပိုးသတ်ဆေး၊ မြေဩဇာ၊ လယ်ယာသုံးစက်ကိရိယာ စသည့်စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများနှင့် စက်ကိရိယာအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကော့ကရိတ်မြို့ ခင်နိမ်းမူဂိတ်(၃)သို့ KKO (ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်၊ အပြစ်မဲ့ပြည်သူအမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ ခင်နိမ်းမူဂိတ်(၃)၌ လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ ဝင်များကို ဒီဇင်ဘာ ၂၂ ရက်တွင် KKO (ခွဲထွက်) အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ကြီး၊ လက်နက် ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ဂိတ်အနီး အမှတ်(၇)ရပ် ကွက်အတွင်းသို့ ဖုံးသီးများ ကျရောက် ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့ကရိတ်မြို့ ခင်နိမ်းမူ ဂိတ်(၃)၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သမားများက ဂိတ်၏ အရှေ့မြောက်ဘက် မီတာ ၂၀၀ ခန့်နှင့် မီတာ ၃၀၀ ခန့်အကွာ နေရာများမှနေ၍ လက်နက်ကြီး၊ လက်နက် ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ က ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်း ဖက်သမားများသည် မြောက်ဘက်သို့ ဆုတ် ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အဆိုပါအကြမ်း ဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက် ကြီးကျည်များသည် ဂိတ်အနီးရှိ အမှတ် (၇)ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက် ကွဲခဲ့သဖြင့် ဒေသခံပြည်သူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက် ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိ သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုပေးခဲ့ပြီး ၎င်းမှ တစ်ဆင့် တောင်ကလေးမြို့ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင် ဆေးကုသမှုခံယူလျက်ရှိသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက် သမားများနှင့်ပါဝင်ပတ်သက်သူများကို ဖော် ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့်နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင် ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" **(Keep Moving Forward to Achieve Our Goal)** ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှု စီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ် လာစေရေး။

တောပုကျေးရွာရှိ ဘုရားကြီးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ Drop Bomb နှစ်လုံး ဖြုတ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။




# ချောင်းဦးမြို့နယ် တောပုကျေးရွာရှိ ဘုရားကြီးဘုန်းတော်ကြီးကျောင်းကို PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bomb နှစ်လုံး ပစ်ချဖောက်ခွဲမှုကြောင့် ဒေသခံပြည်သူအမျိုးသမီး ၁၀ ဦး ပုံးစထိမှန်ဒဏ်ရာများရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော် အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာဝင် မြန်မာ လူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတား များနှင့်စာသင်ကျောင်းများကို အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ရဟန်းသံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများ ပြုလုပ်နေ ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ပြုလုပ်လျက်ရှိရာတွင် ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တောပုကျေးရွာရှိ ဘုရားကြီး ဘုန်းတော်ကြီးကျောင်းသို့ NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက Drone ဖြင့် Drop Bomb နှစ်လုံးကို ပစ်ချဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အဆိုပါဘုန်းကြီးကျောင်းဝင်းအတွင်း သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် သန့်ရှင်းရေးဆောင်ရွက် နေသည့်အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ ဒေသခံပြည်သူ အမျိုးသမီး ၁၀ ဦး ပုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ချောင်းဦးမြို့ ပြည်သူ့ ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်မှုများ၌ပါဝင်ပတ်သက်သူများကို ဖော်ထုတ် ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏လူမဆန် သည့်အကြမ်းဖက်လုပ်ရပ်များကို ဒေသခံပြည်သူများက ရွံရှာမုန်းတီးလျက် ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံ ဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်း ဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင် သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဩချောင်ရပ်ကွက်နေ အေးသီရိမိုး(ခ)အေးအေးသည် ၎င်းအသုံးပြုသည့် "Aye Thiri Moe" Facebook အကောင့်၊ ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်နေ ဝတ်ရည်ထွန်း သည် ၎င်းအသုံးပြုသည့် "Wutt Ye Htun" Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက်နေ ဘိုဌေးသည် ၎င်း အသုံးပြုသည့် "Bo Htay" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တော်လတီကျေးရွာနေ ကြည်ဇင်ခန့်သည် ၎င်းအသုံးပြု သည့် "Kyi Zin Khant" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရား များပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိ နိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဩစတြေးလျနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်




**ကင်ဘာရာ ဒီဇင်ဘာ ၂၃**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ဒီဇင်ဘာ ၂၂ ရက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်ဟု နိုင်ငံတော်အရေးပေါ်ဝန်ဆောင်မှုဌာနက ကြေညာခဲ့ကြောင်း ABC သတင်းဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက်က ဗစ်တိုးရီးယားပြည်နယ် တောင်ပိုင်းတွင် မုန်တိုင်းဝင်ရောက် တိုက်ခတ်မှုကြောင့် ပြည်နယ်အတွင်းရှိ နေရာအနှံ့အပြားတွင် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ပြီး ရုတ်တရက်ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အရေးပေါ်ဝန်ဆောင်မှုဌာနအနေဖြင့် အကူအညီတောင်းရန် ဖုန်းခေါ်ဆိုမှု ၃၀၀ ကျော်ကို လက်ခံရရှိခဲ့ပြီး အများစုမှာ Geelong၊ Corio နှင့် Melbourne မြို့ ဆင်ခြေဖုံးများမှဖြစ်ကြောင်း၊ မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုနှင့် မိုးကြိုးပစ်မှုများဖြစ်ပေါ်ကာ Melbourne မြို့လေဆိပ်ကို ခေတ္တပိတ်ထားခဲ့ရပြီး လေကြောင်းခရီးစဉ်တချို့ နှောင့်နှေးခဲ့ရကြောင်း၊ မုန်တိုင်းဝင်ရောက်စဉ် Geelong မြို့တွင် အချင်းသုံးစင်တီမီတာခန့်ရှိ မိုးသီးများရွာသွန်းခဲ့မှုကြောင့် အဆောက်အအုံနှင့် ယာဉ်တချို့ပျက်စီးခဲ့ကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုသည် Bendigo၊ Shepparton၊ Seymour၊ Geelong၊ Meloune၊ Traralgon နှင့် Bairnsdale မြို့များအပါအဝင် ပြည်နယ်၏နေရာတော်တော်များများကို အဓိကသက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဩစတြေးလျ မိုးလေဝသဌာနက ကြေညာခဲ့ကြောင်း သိရသည်။

AZH

# ၂၀၂၂ ခုနှစ် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုက ၂၀၀၈ ခုနှစ်ထက် ၂၂ ရာခိုင်နှုန်းကျဆင်း

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၂၃**

ဥရောပသမဂ္ဂသည် ကမ္ဘာတစ်ဝန်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ကျဆင်းရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်နေပြီး ထိုစီမံချက်များကြောင့် ၂၀၂၂ ခုနှစ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုသည် ၂၀၀၈ ခုနှစ်ထက် ၂၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဥရောပသမဂ္ဂက ထုတ်ပြန်ခဲ့သည်ဟု The News သတင်းဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

ယခုနှစ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုနှုန်း ပြန်လည်ဦးမော့လာခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနက် ကာဗွန်ထုတ်လွှတ်မှုအမြင့်မားဆုံးသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံငါးနိုင်ငံမှာ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အီတလီနိုင်ငံ၊ ပိုလန်နိုင်ငံနှင့် စပိန်နိုင်ငံတို့ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှထုတ်လွှတ်သည့် ကာဗွန်ပမာဏ၏ ၆၀ ရာခိုင်နှုန်းမှာ အဆိုပါနိုင်ငံငါးနိုင်ငံမှ ထုတ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်အတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏသည် ၂၀၀၈ ခုနှစ်က ထုတ်လွှတ်ခဲ့သော ပမာဏထက် ၂၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း သတ္တုတွင်းနှင့် ကျောက်မိုင်းတွင်းလုပ်ငန်းများမှ ၂၀၀၈ ခုနှစ်က ထုတ်လွှတ်ခဲ့သောပမာဏထက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၄၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ရေနွေးငွေ့နှင့် လေအေးပေးစက်ကဏ္ဍမှ ၃၉ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



ယခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုများကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှု ကျဆင်းခဲ့သည့်အတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုမြင့်တက်ခဲ့ပြီး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏ ပြန်လည်ဦးမော့လာခြင်းဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏသည် ၂၀၂၁ ခုနှစ်က ပမာဏထက် သုံးရာခိုင်နှုန်း ပြန်လည် မြင့်တက်လာခဲ့သည့်အတွက် ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးစီမံချက်ကို အဟန့်အတားဖြစ်စေသည့်အခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

**ရိုင်းဆက်**

# အလက်စကာကမ်းခြေတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းများရပ်တန့်နိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက အာဏာပိုင်အဖွဲ့အစည်းကို တရားစွဲ

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံ အလက်စကာကမ်းခြေတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ခြင်း၊ ရောင်းချခြင်းများ ရပ်တန့်နိုင်ရန်အတွက် အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက အာဏာပိုင်အဖွဲ့အစည်းကို တရားစွဲဆိုမှုပြုလုပ်ခဲ့ကြောင်း US News သတင်းဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေအရ ကွတ်ခ်အင်လက်ရှိ မြေဧကတစ်သန်းခန့်ကို ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးအတွက် လေလံတင်ရောင်းချရာတွင် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား ရောင်းချရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက အဆိုပါ လေလံတင်ရောင်းချမှုကို ဟန့်တားနိုင်ရေးအတွက် ဖက်ဒရယ်တရားရုံးချုပ်တွင် တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး အမှုကို ကြားနာစစ်ဆေးပါက လေလံတင်ရောင်းချမှုကို ရပ်ဆိုင်းထားရမည်ဖြစ်ကြောင်း သိရသည်။

အာဏာပိုင်အဖွဲ့အစည်းကို တရားစွဲဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူအဖွဲ့အစည်းများမှာ ကွတ်ခ်အင်လက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများအဖွဲ့၊ အလက်စကာလူ့အဖွဲ့အစည်း၊ အဆိပ်သင့်မှုတိုက်ဖျက်ရေးအဖွဲ့၊ ဇီဝမျိုးစုံမျိုးကွဲစင်တာ၊ ကာချီမက် ပင်လယ်အော်ထိန်းသိမ်းရေးအဖွဲ့၊ သဘာဝအရင်းအမြစ်ကာကွယ်ရေးကောင်စီတို့ဖြစ်ကြောင်း သိရသည်။

တရားစွဲဆိုခဲ့ရာတွင်လည်း "ကွတ်ခ်အင်လက် ဧရိယာတွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်နေပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ပျက်စီးမှု ပိုမိုမြင့်မားလာနိုင်သည်" ဆိုသော မှတ်ချက်ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သဘာဝအရင်းအမြစ်ကာကွယ်ရေးကောင်စီက ထုတ်ပြန်ခဲ့သည်။

**ရိုင်းဆက်**

# ရေဘေးသင့်ဒုက္ခသည်ဦးရေသန်း ၂၀ အတွက် ကမ္ဘာလုံးဆိုင်ရာအကူအညီများပေးရန် နိုင်ငံတကာကို ပါကစ္စတန်ဝန်ကြီးချုပ်တိုက်တွန်း

**အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၂၃**

ပါကစ္စတန်နိုင်ငံတွင် ယခုနှစ်အစောပိုင်းက ဖြစ်ပွားခဲ့သော ရေကြီးမှုကြီး၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားနေရသည့် ပါကစ္စတန်ရေဘေးဒုက္ခသည်ဦးရေသန်း ၂၀ အတွက် ကမ္ဘာလုံးဆိုင်ရာအကူအညီများပေးရန် နိုင်ငံတကာကို ဒီဇင်ဘာလ တတိယပတ်တွင် ပါကစ္စတန်ဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်ဟု Relief Web သတင်းဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ် Shahbaz Sharif သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဂျီနီဗာ၌ကျင်းပပြုလုပ်မည့် နိုင်ငံတကာအလှူရှင်များ ညီလာခံမတိုင်မီ လူသန်းပေါင်းများစွာအတွက် အစားအသောက်၊ ရှက်ဖျင်တဲနှင့် အခြားမရှိမဖြစ်လိုအပ်သောပစ္စည်းများကို ကူညီပေးရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

"ဒီနေ့တိုင် ရေကြီးရေလျှံမှုဒဏ်ခံရသူသန်း ၂၀ ဟာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီတွေ လိုအပ်နေပါတယ်" ဟု ရေကြီးရေလျှံမှုများကြောင့် ကြီးကြီးမားမား ပျက်စီးခဲ့ရသည့် ပါကစ္စတန်တောင်ပိုင်းရှိ Sindh ပြည်နယ်သို့ သွားရောက်စဉ်အတွင်း ရုပ်မြင်သံကြားမှတစ်ဆင့် ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နွေရာသီက ပါကစ္စတန်တွင် ရေလွှမ်းမိုးမှုကြောင့် လူ ၁၇၃၉ ဦးသေဆုံးကာ နေအိမ် ၂ ဒသမ ၂ သန်းပျက်စီးခဲ့ပြီး ရေဘေးဒုက္ခသည်ဦးရေ သန်း၂၀ အတွက် ရန်ပုံငွေများစွာ လိုအပ်လျက်ရှိရာ ကုလသမဂ္ဂအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ နိုင်ငံတကာရန်ပုံငွေရှာဖွေရေးညီလာခံတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရေကြီးမှုကြောင့် ပျက်စီးသွားသော အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ခြင်းဖြင့် ရေဘေးသင့်ပြည်သူများ ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိစေရန် ပါကစ္စတန်အစိုးရအနေဖြင့် ၎င်း၏ရင်းမြစ်အားလုံးကို အသုံးပြုနေကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

AZH

# ဟာဝိုင်ရီမီးတောင်အမျိုးသားဥယျာဉ်တွင် လောင်ကျွမ်းလျက်ရှိသောတောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းရှိ ဟာဝိုင်ရီမီးတောင် အမျိုးသားဥယျာဉ်တွင် ဒီဇင်ဘာ ၂၁ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးသည် ဒီဇင်ဘာ ၂၂ ရက်မှစ၍ ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိခဲ့ကြောင်း ဟာဝိုင်ရီမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု News Now သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မိုးကြိုးပစ်ရာမှတောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကာ ဟာဝိုင်ရီမီးတောင် အမျိုးသားဥယျာဉ်ဧရိယာ၏ ၇၀ ရာခိုင်နှုန်းမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး လေကြောင်းအကူအညီကို ရယူထားရကြောင်း သိရသည်။

ဟာဝိုင်ရီကျွန်းတွင် သဘာဝအလျောက် လောင်ကျွမ်းသည့် တောမီးလောင်ကျွမ်းမှုမျိုး ရှားပါးပြီး အများစုမှာ ဒေသခံတို့၏ မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ဟာဝိုင်ရီမီးတောင်အမျိုးသားဥယျာဉ်အတွင်း အိုဟီးယားပင်များ ပျက်စီးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မြေပြင်မှနေ၍ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ဟာဝိုင်ရီမီးတောင် အမျိုးသားဥယျာဉ်အတွင်း ဥယျာဉ်ငါးဧက ရာနှုန်းပြည့်ပျက်စီးခဲ့ကြောင်း ဟာဝိုင်ရီမီးတောင်အမျိုးသားဥယျာဉ် စီမံခန့်ခွဲရေးတာဝန်ခံအရာရှိ ဖန်ဒါဘက်က ပြောကြားခဲ့သည်။

"သဘာဝအလျောက် တောမီးလောင်ကျွမ်းတဲ့ဖြစ်စဉ်မျိုးက ရှားပါတယ်။ အခု ဒီတစ်ကြိမ်တောမီးလောင်ကျွမ်းမှုကတော့ မိုးကြိုးပစ်ရာကနေ လောင်ကျွမ်းခဲ့တာဖြစ်ပါတယ်။ ဟာဝိုင်ရီကျွန်းရဲ့ နေရာအနှံ့အပြားမှာ မိုးရွာသွန်းမှုတွေဖြစ်ပေါ်နေပေမဲ့ ကုန်းမြင့်ပိုင်းဧရိယာတွေမှာတော့ မိုးရွာသွန်းမှုမရှိပါဘူး။ မိုးရွာသွန်းမှုမရှိတဲ့ ဧရိယာတွေထဲမှာ ဟာဝိုင်ရီမီးတောင်အမျိုးသားဥယျာဉ်လဲပါဝင်နေတယ်။ တောမီးလောင်ကျွမ်းမှု အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ မီးသတ်တပ်ဖွဲ့ဝင်တွေကြိုးစားပေးနေပါတယ်"ဟု ဖန်ဒါဘက်က ပြောကြားခဲ့သည်။

**ရိုင်းဆက်**

# ညဉ့်နက်နက်မှာ ဖားရိုက်ထွက်ခြင်း

ယွန်းနှင်းဆီခိုင်




(၁)

မိုးဦးပင်ဖြစ်လင့်ကစား ယခုရက်ပိုင်း တကယ့်ကို မိုးတွင်းကြီးပမာ မိုးများက နေ့ရောညဉ့်ပါရွာသွန်း၍ နေသည်။ ည ၉ နာရီကျော်သာရှိသေးသော်လည်း ဦးဖိုးမောင်နေသည့် ခြံဝင်း၏ အနောက်ဘက်တွင် ချောင်းရိုးရှိနေသည့်အတွက် ထိုချောင်းရိုးဘက်ဆီက ဖားအော်သံ၊ ပုစဉ်းရင်ကွဲအော်သံများက ဆူညံစွာ ထွက်နေသည်။ အိမ်ရှေ့ခန်းတွင် ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌ ဆေးပေ့ါလိပ်ကို ရှိုက်ဖွာရင်း ငယ်စဉ်အခါက မိုးဦးရက်များဆီသို့ အတွေးအာရုံများ လွင့်မျောသွားပါတော့သည်။

ဦးဖိုးမောင်တစ်ဖြစ်လဲ ဖိုးမောင်။

(၂)

ဖိုးမောင်တို့ရွာသည် ရောဝတီတိုင်းဒေသကြီး အနောက်ဘက်ခြမ်းက ရွာတစ်ရွာဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြရပြီး ရွာအရှေ့ဘက်ခြမ်းရှိ အင်းကြီးကိုအမှီသဟဲပြု၍ တံငါအလုပ်ကို ရွာသူ၊ ရွာသားများက အသက်မွေးဝမ်းကျောင်းပြုကြသည်။ ဖိုးမောင်တို့မိသားစုမှာ အသင့်အတင့်ချောင်လည်ကြပြီး လယ်ယာလုပ်ငန်းအပြင် ကွမ်းခြံတစ်ခြံလည်း စိုက်ပျိုးထားသေးသည်မို့ ပြေပြေလည်လည် စားသောက်နိုင်ကြခြင်းဖြစ်သည်။

ဖိုးမောင်မှာ မနှစ်ကမှ တစ်ရွာတည်းနေသူ မခင်လှနှင့် အကြောင်းပါခဲ့၍ မိဘနှစ်ပါးနှင့် အိမ်မခွဲအိုးမခွဲ တစ်စီးပွားတည်း အတူတူလုပ်ကိုင်စားသောက်နေကြခြင်းဖြစ်သည်။ အစ်မကြီး လှရီမှာ အိမ်ထောင်မပြုသေးဘဲ အပျိုကြီးဘဝဖြင့် အိမ်၏ လယ်လုပ်ငန်း၊ ကွမ်းခြံလုပ်ငန်းတို့ကို ဦးစီးလုပ်ကိုင်နေသူဖြစ်သည်။ ဖိုးမောင်က ယောကျ်ားလေးဖြစ်သော်လည်း အစ်မလှရီလောက်ပင် အားမကိုးရသူပါ။ အစ်မလှရီက မိန်းမသားပင်ဖြစ်လင့်ကစား ယောကျ်ားသားတစ်ယောက်ကဲ့သို့ပင် လုပ်ကိုင်နိုင်သူမို့ အိမ်တွင် အားအကိုးရဆုံးဖြစ်နေသည်။ ဖိုးမောင်မှာ အိမ်၏စီးပွားရေးမို့သာ လယ်နှင့် ကွမ်းခြံများလုပ်နေရသူ။ အမှန်က ငါးရှာ၊ ဖားရှာအလုပ်ကို အလွန်ဝါသနာပါသည်။ အကုသိုလ်ကြီးသည့်အလုပ်ဟုဆိုကာ အိမ်သားများက ပြောဆိုလွန်း၍သာ ဖိုးမောင်ငြိမ်နေရခြင်းဖြစ်သော်လည်း မိုးဦးရောက်၍ ဖားအော်သံများကြားရလျှင် မရိုးမရွဖြစ်လာပြီး ဂနာမငြိမ်ဖြစ်နေတော့သည်။ နံနက်က ရွာတောင်ပိုင်းဈေးဝယ်သွားတော့ ဘကြီးကျော်စိန်နှင့် ဘထွေးဝင်းမောင်က ညကျရင် ငါးရစ်ရှာ၊ ဖားရိုက်ထွက်မည်ကို ပြောနေကြသည်မို့ ဖိုးမောင်လည်း လိုက်ချင်နေသည်။ ယခင်နှစ်များကဆို မိဘများက စိတ်မချ၍ ညဘက်ကို အပြင်မထွက်ခိုင်းခဲ့ပေ။ ယခုတော့ ဖိုးမောင်တစ်ယောက် ဘကြီးကျော်စိန်တို့နှင့် ညဘက်လိုက်သွားချင်သည်။ အဖေ၊ အမေနှင့် အစ်မတို့ထံ ခွင့်တောင်းလည်းခွင့်ပြုမည်မထင်၍ စိတ်ပျက်လက်ပျက် အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်နေမိသည်။

"တော့် ကိုဖိုးမောင်။ ရှင့်ရုပ်ကြီးကလဲ ဘယ်လိုဖြစ်နေတာတုံး။ မသာမယာနဲ့တော်။ ဖဲတွေဘာတွေများ ရှုံးပြီး ဖဲကြွေးတင်နေတာများလား"

"ခင်လှရာ ဒီမိန်းမပြောလိုက်မှဖြင့် မဟုတ်ကဟုတ်က။ အစ်မလှရီသာ နားစွန်နားဖျားကြားသွားရင် ပွက်လောရိုက်ပြီး အဆူခံရအုံးမယ်ဟာ"

"သိဘူးလေ တော့်ရုပ်ကြီးက ရှုံ့မဲ့နေတော့ ကျုပ်လဲ တွေးကြည့်လိုက်တာပေ့ါ။ ဒါဆို တော်က ဘာဖြစ်နေတာလဲ"

ဖိုးမောင် အဖေနှင့် အစ်မလှရီ ဘယ်ရောက်နေလဲဟု မျက်လုံးဝေ့ကြည့်လိုက်ပြီး ခင်လှအနားကိုကပ်ကာ တိုးတိုးလေးပြောလိုက်သည်။

"ဘကြီးကျော်စိန်တို့ ညကျရင် ငါးရစ်ရှာထွက်မလို့တဲ့။ ငါလိုက်သွားချင်တယ် ခင်လှရာ။ အမေတို့၊ အစ်မတို့က လွှတ်မှာမဟုတ်ဘူး။ စိတ်ညစ်တယ်ဟာ။ အိမ်မှာ သားယောကျ်ားလေးဖြစ်ပြီး ဟိုလိုမလုပ်နဲ့ ဒီလိုမလုပ်နဲ့ ချုပ်ချယ်နေကြတာ စိတ်တအားတိုတာပဲ"

"အမယ်လေး ကိုဖိုးမောင်။ အစ်မလှရီကြားအောင် ပြောရဲတာလဲမဟုတ်ဘဲ အပိုတွေ။ ရှင်ပြောကြည့်လဲ ရမယ်မထင်ဘူး။ တော့်ကို သူတို့က ကလေးလို မြင်နေကြတာ"

"ဒီလိုလုပ်ရအောင်။ ညကျရင် လူခြေတိတ်ချိန်ကျ တိတ်တိတ်လေးခိုးထွက်မယ်။ မနက်မိုးမလင်းခင် ပြန်လာမယ်လေ။ နင်မပြောရင် အစ်မတို့မသိပါဘူး နော်ခင်လှ။ ငါ ညကျတိတ်တိတ်လေးသွားမယ်နော်"

ဖိုးမောင်မှာ ဇနီးဖြစ်သူခင်လှကို နှစ်ခါမပြောလိုက်ရဘဲ ခင်လှ၏ခေါင်းအညိတ်ကို ဝမ်းသာလုံးဆို့သည်ထိ ပျော်လိုက်ရသည်။ ထိုညက အိပ်ချင်ပြီဟုဆိုကာ ဖိုးမောင် စောစောစီးစီးအိပ်ရာဝင်ခဲ့သည်။ တကယ်တော့ အိပ်နေခြင်းမဟုတ်ဘဲ အမေနှင့်အစ်မတို့အိပ်ရာအဝင်ကို ချောင်းနေခြင်းသာဖြစ်သည်။

(၃)

ထိုညက ခင်လှတစ်ယောက်သာသိပြီး အိမ်မှ တိတ်တဆိတ်ထွက်၍ ဘကြီးကျော်စိန်တို့အိမ်စုဆီသို့ မကြောက်မရွံ့ဖြင့် ထွက်လာခဲ့လိုက်ပါတော့သည်။ ဘကြီးကျော်စိန်၊ ဘထွေးဝင်းမောင်တို့မှာ အသင့်အနေအထားဖြင့် ဖိုးမောင်ကို စောင့်နေကြသည်။

"မင်းကွာ မလာတော့ဘူးတောင်ထင်နေတာ။ နောက်ကျနေပြီ သွားမယ်။ ရော့ မင်းက မီးအုပ်တစ်လုံးယူ"

ရေနံဆီအပြည့်ထည့်ထားသော မီးအုပ်တစ်လုံးစီကို ကိုယ်စီကိုင်၍ နှစ်တောင်ကျော်အရှည်ရှိသော ကြိမ်လုံးကိုယ်စီနှင့် အနောက်တောစပ်အနားရှိ လယ်ကွက်များဆီသို့ဦးတည်၍ ထွက်လာခဲ့ကြသည်။ လိုလိုမည်မည် အဖေသိမ်းထားသော ဓားမြှောင်ကိုပါ ဖိုးမောင် ခါးကြားထိုးလာခဲ့သေးသည်။ ညဘက်ထွက်ခြင်းဖြစ်၍ တစ်စုံတစ်ရာ အန္တရာယ်ကြုံလာပါက အကူအညီအလို့ငှာယူလာခဲ့ခြင်းဖြစ်သည်။ ဖားရိုက်ထွက်သည်ဆိုပေမဲ့ မြွေပေါသည့်အရပ်လည်းဖြစ်သောကြောင့် သတိတော့ထားရမည်ဖြစ်သည်။ ဖိုးမောင်တို့ရွာအလွန်တွင် ရေကာတာကြီးရှိသည့်အတွက် တော်ရုံမြစ်ရေမဝင်နိုင်ပေ။ ဖိုးမောင်တို့ရွာ၏ တစ်ဖက် စိန်ကုန်းရွာသည် တာကြီး၏ တစ်ဖက်တွင်ရှိသည်မို့ ဝန်မြစ်ရေတိုးချိန်တွင် ရွာထဲသို့ ရေများဝင်ရောက်တတ်ပြီး သွားရေးလာရေးခက်ခဲသည်။ အချို့သောအိမ်များတွင် မြစ်ရေဝင်ချိန်၌ အသုံးပြုရန် လှေငယ်လေးများပင် ဆောင်ထားတတ်ကြသည်။ ဖိုးမောင်တို့သုံးယောက် ထိုညက ဖားများရော ငါးရစ်များပါ အများကြီးရခဲ့သည်။ ယူဆောင်သွားသော ပလိုင်းနှစ်လုံးစလုံး ဖားရော ငါးပါ အပြည့်ပင်ဖြစ်နေပါတော့သည်။ ထိုညက မိုးစက် မိုးပေါက်လေးတချို့သာ တစ်ခါတစ်ရံကျလာပြီး မိုးမရွာသဖြင့် ဖားရိုက်ရသည်မှာ ပို၍အဆင်ပြေနေသည်။ ဖိုးမောင်တို့စကားပြောလိုက်၊ ဖားရိုက်လိုက်နှင့် မထင်မှတ်ဘဲ တာရိုးကြီးကို ကျော်လွန်သွားပါတော့သည်။ ထိုအခိုက် မထင်မှတ်ဘဲ လေကြမ်းတစ်ချက်က ၁၀ မိနစ်ခန့်ဝှေ့၍ တိုက်ခတ်လာရာ ကိုင်ဆောင်ထားသော မီးအုပ်များ မီးငြိမ်းကုန်သည့်အပြင် လက်ထဲကပင် လွင့်စဉ်ကုန်သည်ထိဖြစ်သွားသည်။ မီးရောင်မရှိတော့သောအခါမှ ဝန်းကျင်တစ်ခုလုံး ပို၍မှောင်မိုက်နေသည်ကို သိလိုက်ရသည်။

"ဝင်းမောင်ရေ မီးအုပ်က ပြုတ်ကျကုန်ပြီ။ ရေနံဆီတွေလဲကုန်ပြီထင်ပါရဲ့ကွာ။ လုပ်အုံးကွ။ မင်းမှာ မီးခြစ်ပါတယ်မဟုတ်လား ခြစ်ပါအုံး"

"ရော် အစ်ကိုကျော်စိန်ရာ။ ခင်ဗျားကလဲဒီလောက်လေတွေတိုက်နေတာ ဘယ်ကမီးကခြစ်လို့ရမှာတုံးဗျ"

"ဖိုးမောင် အောက်ကိုလိုက်ပြီးစမ်းပါအုံးကွ။ ငါတော့ ဘာမှကိုမမြင်ဘူး။ လေကလဲကြမ်းလိုက်တာကွာ"

မီးအုပ်နှစ်ခုစလုံးမှာ အနီးတစ်ဝိုက် မည်သို့မျှလိုက်စမ်း၍ပင် ရှာမရတော့ပေ။ ရှာမရသည့်အဆုံး၌ အမှောင်ထဲမှာပင် စမ်းတဝါးဝါးနှင့် တာရိုးမှ ရွာရှိရာဘက်သို့ ပြန်ရန်နှင့် မနက်ဖြန်မှ မီးအုပ်များလာရှာကြမည်ဟုတိုင်ပင်ပြီး လျှောက်လာခဲ့ကြတော့သည်။ ထိုသို့ လျှောက်လာရင်းမှ မြေသားနေရာများနည်းပါးလာပြီး ရေအိုင်စပ်စပ်များ၊ နုန်းမြေများပေါ် လျှောက်ရသကဲ့သို့ ဖြစ်လာတော့သည်။ မိုးပေါက်များမှာမကျတော့ဘဲ လေလည်းငြိမ်သွားပြီမို့ ခဏရပ်ကာ ဘထွေးဝင်းမောင်က မီးခြစ်ကိုခြစ်လိုက်ပြီး လိုလိုမည်မည် ယူဆောင်လာသော ဖယောင်းတိုင်အတိုလေးတွင် ထွန်းညှိလိုက်ပါတော့သည်။ ဖယောင်းတိုင်၏ အလင်းရောင်ဖြင့် ရောက်ရှိနေသောနေရာတစ်ဝိုက်ကို ကြည့်လိုက်ရာ လူအရပ်တစ်ဖောင်ကျော်ကျော်ခန့်ရှည်သော တလားစင်တချို့ကို တွေ့လိုက်ရပါတော့သည်။ (အမြင့်ရှစ်ပေခန့်ရှိပြီး ဝါးဖြင့်ထိုးထားသော အလောင်းတင်သည့် တလားစင်)

ထိုစင်များ၏အပေါ်တွင် အဖြူရောင်သင်္ဘောနံသုံးခုမှာ စင်တစ်ခုဆီတွင်ရှိနေပြီး ဖိုးမောင်တို့ရောက်ရှိနေသောနေရာမှာ တချို့တွင် ရေဝပ်ကျင်းလေးများသာရှိပြီး အချို့နေရာတွင် ဒူးဝက်ခန့်ထိမြုပ်နိုင်သော စိန်ကုန်းရွာ၏ သုသာန်တစပြင်ဖြစ်နေပါတော့သည်။ ဝန်မြစ်ရေဝင်ရောက်သည့် ရေဝင်ရက်များတွင် ရပ်ရွာအတွင်း နာရေးတစ်ခုဖြစ်ပါက သုသာန်တွင် မြှုပ်နှံရန် မြေနေရာမရှိဘဲ ရေဝင်နေသဖြင့် ဝါးစင်များထိုးပြီး သေဆုံးသူကို ပိတ်ဖြူစဖြင့်ပတ်ကာ ဝါးတလားစင်တွင် မိသားစုဝင်များက လာရောက်တင်ပေးထားကြရသည်။ ရေဝင်သည့်ရက်မှာ တစ်ပတ်၊ ဆယ်ရက်ခန့်ရှိတတ်ပြီး ရေကျချိန်မှသာ သေဆုံးသူ၏ ရုပ်အလောင်းများကို ကုန်းမြေပေါ်သောနေရာများတွင် မြှုပ်နှံကြရခြင်းဖြစ်သည်။ ဖိုးမောင်မှာ ငယ်ရွယ်သူလည်းဖြစ်သည်မို့ မြင်နေရသည့်မြင်ကွင်းတချို့အရ အလန့်တကြားဖြစ်ပြီး ဘထွေးဝင်းမောင်၏လက်ကို လှမ်းဆွဲထားလိုက်မိသည်။

"ဘယ်လိုဖြစ်လို့ စိန်ကုန်းသုသာန်ကြီးထဲရောက်လာပါလိမ့်ကွာ"

ဘကြီးကျော်စိန်က ညည်းညူလိုက်သည်။ ဖယောင်းတိုင်လေးမှာ အတိုလေးမို့ ခဏချင်းပင်ကုန်သွား၍ ပြန်ပြီးမှောင်အတိဖြစ်သွားရပြန်သည်။

"ကိုကျော်စိန်ရေ ကျုပ်တို့တော့ တစ်ခုခုမှားနေသလိုပဲနော်။ ဘယ်လိုနည်းနဲ့မှ စိန်ကုန်းသုသာန်ကို ရောက်စရာအကြောင်းမရှိဘူး။ ဘာများအမှားရှိသွားလဲမသိဘူးဗျာ"

"ကဲ. . . ဝင်းမောင် ပြောမနေနဲ့။ တာရိုးရှိလောက်တဲ့နေရာကို မှန်းပြီးလျှောက်ကြမယ်။ တကယ်လို့များ မိုးလင်းသွားရင် ရောက်တဲ့ရွာကနေ မနက်မှပဲပြန်ကြရအောင်။ မတတ်နိုင်ဘူး ဒီလိုပဲလုပ်ရမှာပေ့ါ"

ဖိုးမောင်တို့သုံးဦး စမ်းတဝါးဝါးနှင့် လျှောက်ရင်းလျှောက်ရင်း ဘယ်ဆီဘယ်ဝယ်သို့ရောက်နေမှန်းမသိအောင်ပင် မျက်စိလည်နေကြသည်။ လျှောက်ရလွန်း၍ နုံးချည့်ပြီး ဒူးများပင်မခိုင်ချင်တော့ပေ။ အချိန်အားဖြင့် ၁ နာရီ၊ ၂ နာရီခန့်တော့ရှိနေပြီဟု မှန်းဆမိသည်။ မနားတမ်းလျှောက်လာရင်း ခပ်လှမ်းလှမ်းအဝေးဆီမှ မီးအလင်းရောင်တချို့ကို တွေ့လိုက်ရပါသည်။

"ဟာ ဟိုမှာ ရွာတစ်ရွာတွေ့ပြီကွ။ အဲဒီရောက်အောင်သွားကြမယ်"

ဘထွေးက ဝမ်းသာအားရပြောနေခြင်းဖြစ်သည်။ ဖိုးမောင်မှာ မြင်နေရသော မီးရောင်ကြောင့် လွန်စွာပျော်ရွှင်သွားသည်။ ဖိုးမောင် တအားပင်ပန်းနေခဲ့ပါပြီ။ အကယ်၍ ထိုရွာကိုရောက်ပါက ကောင်းကောင်းကြီးအိပ်ချပစ်လိုက်မည်ဟု တွေးနေမိသည်။ သို့သော် အတွေးတစ်ခုက အာရုံထဲတွင် ဖြတ်ခနဲပေါ်လာသည်။

စာမျက်နှာ ၂၇သို့ ➤

➤ စာမျက်နှာ ၂၆မှအဆက်

(၄)

ဖိုးမောင်တို့ရွာများသည် အတော်လေးကို မောင်ရိပျူးမှ မီးခွက်ထွန်းကြပြီး ည ၈ နာရီခန့်ရောက်သည်နှင့် မီးခွက်မှုတ်ကာ အိပ်ရာဝင်တတ်ကြပါလျက်နှင့် တွေ့မြင်နေရသောထိုရွာသည် ယခုအချိန်ထိ အဘယ်ကြောင့် မီးရောင်ဖြာ၍ လင်းထိန်နေရပါသနည်း။ မြင်နေသည့်မီးရောင်မှာ ရေနံဆီမီးရောင်မျိုးမဟုတ်ဘဲ ကညင်ဆီမီးတိုင်များ၏ အလင်းရောင်မျိုးဖြစ်နေသည်။

"သွားသာသွားရမှာ စိတ်ထဲတစ်မျိုးပဲ ဝင်းမောင်ရေ။ မီးတွေဘာလို့ ဒီအချိန်ကြီးထိန်နေရတာလဲ"

"အစ်ကိုကျော်စိန်ရာ ရွာထဲ အလှူအတန်းရှိလို့နေမှာပေါ့။ ကဲပါဗျာ သွားကြရအောင် ပင်ပန်းလို့သေတော့မယ်။ အင်း ဖားတွေ၊ ငါးတွေကို အကုသိုလ်စိတ်နဲ့ လိုက်ရိုက်မိတာ အကုသိုလ်တက်တာပဲ။ တစ်ခါမှဒါမျိုး မကြုံဖူးပါဘူးဗျာ။ ဖြစ်ချင်ရာဖြစ် သွားမယ်ဗျာ"

နောက်ဆုံးမှာ တူအရီးသုံးဦးသား ရွာသို့ရောက်အောင်သာ ဝင်သွားလိုက်ပါတော့သည်။ အိမ်ကြီးရခိုင်များသာဖြစ်ကြပြီး ခြံဝင်းကြီးများမှာ ကျယ်ဝန်းလွန်းလှသည်။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

ဘကြီးကျော်စိန် လှမ်းခေါ်လိုက်သဖြင့် အသက် ၅၀ ခန့် ဥပဓိရုပ်ကောင်းကောင်းနှင့် လူကြီးတစ်ယောက် အိမ်ပေါက်ဝသို့ထွက်လာသည်။

"ဘယ်သူတွေလဲ"

ဖားရိုက်ထွက်လာတဲ့ ထိန်တောမိုးညိုဘက်က ရွာသားတွေပါဗျ။ မျက်စိလည်နေကြလို့ ဒီမှာ တစ်ညတာတည်းခွင့်ပေးပါလား"

"လာဗျာ အိမ်ပေါ်တက်ကြ"

လူကြီးက အိမ်ပေါ်တက်စေပြီး နေရာအခင်းတစ်ခုစီစဉ်ပေးသည်။ အိမ်ကြီးမှာ နှစ်ထပ်ဖြစ်ပြီး ဖိုးမောင်တို့က အောက်ထပ်အိမ်ရှေ့ခန်းတွင် အိပ်ခွင့်ရကြခြင်းပင်ဖြစ်သည်။

"ကျွီ ကျွီ"

အပေါ်ထပ်မှ တကျွီကျွီမြည်သံကြောင့် ဖိုးမောင်က အိမ်အပေါ်ထပ်သို့ လှမ်းကြည့်လိုက်သည်။ လူကြီးက ဖိုးမောင်ကိုစိုက်ကြည့်ပြီး-

"အပေါ်က ပုခက်လွှဲသံပါ။ ကလေးသိပ်နေတာ တော်တော်ဆိုးတဲ့ကလေး။ သိပ်လဲနေမကောင်းတော့ အခုထိကို မအိပ်ဘူးဗျာ။ ခင်ဗျားတို့ဗိုက်ဆာနေရင် စားဖို့သောက်ဖို့ တစ်ခုခုစီစဉ်ပေးမယ်လေ"

"ဟာ နောင်ကြီး ရတယ်။ အိပ်ဖို့နေရာခင်းလေးရရင်ပဲ ကျေနပ်ပါပြီ။ မနက်လင်းတဲ့အခါကျပြန်မှာပါ။ ဒါနဲ့ နောင်ကြီး ဒီရွာက ကျုပ်တို့ ထိန်တောမိုးညိုရွာနဲ့ ဘယ်လောက်ဝေးလဲဗျ။ ကျုပ် ဒီနယ်တစ်ကြောဈေးရောင်းဈေးဝယ်ထွက်နေကျဖြစ်ပေမဲ့ ဒီလိုအိမ်ကြီးအိမ်ကောင်းနဲ့ စည်ကားတဲ့ရွာကို တစ်ခါမှမရောက်ဖူးလို့ပါဗျာ"

အိမ်ရှင်လူကြီးက ခဏခေတ္တမျှ စဉ်းစားဟန်ပြုပြီးနောက်-

"တော်တော်ဝေးနေပြီဗျ။ ဆယ့်လေးငါးရွာလောက်ဝေးနေပြီထင်တယ်။ ကဲပါဗျာ အိပ်ကြတော့ နားကြတော့။ ကျုပ်လဲအပေါ်တက်တော့မယ်"

ပြောပြီးသည်နှင့် လှေကားအတိုင်း အိမ်ကြီး၏အပေါ်ထပ်သို့ တက်သွားပါတော့သည်။ လူကြီး၏ လမ်းလျှောက်သွားပုံမှာ လက်လွှဲပြီးလျှောက်သွားသည့်ပုံသဏ္ဌာန်မျိုးမဟုတ်ဘဲ လှုပ်ရှားမှုကင်းစွာ ရွေ့လျားသွားသည့်အလား ဖိုးမောင်မျက်လုံးမှာ မြင်လိုက်ရပါတော့သည်။ သို့သော် ဘကြီးကျော်စိန်နှင့် ဘထွေးဝင်းမောင်က ဘာမှထူးခြားသည့်ပုံမပေါ်၍ ဖိုးမောင်မှာ အမြင်မှားနေခြင်းသာဖြစ်လောက်သည်ဟု ပြန်တွေးလိုက်သည်။ စိတ်ကတော့ အနည်းငယ်ကျောချမ်းနေသလိုဖြစ်လာသည်မှာ အမှန်ပင်ဖြစ်တော့သည်။

(၅)

ဖိုးမောင်တို့သုံးဦးသား အတော်လေးကိုညဉ့်နက်နေပြီမို့ အိပ်ဖို့ရာ ပြင်ကြတော့သည်။ ဘထွေးဝင်းမောင်က မအူမလည်ပုံစံဖြင့် စဉ်းစားဟန်ပြုပြီးနောက် တိုးဖွစွာပြောလာပါသည်။

"ဗျို့ အစ်ကိုကျော်စိန်။ ကျုပ်တို့မျက်စိလည်ပြီးလျှောက်လာကြတာ ဒီလောက်တောင် ရွာဆယ့်လေးငါးရွာထိ ဝေးဝေးကိုရောက်လာကြတယ်ဆိုတာ အံ့သြစရာပဲဗျာ။ မသကာ လေးငါးရွာကျော်ကို ရောက်လာတယ်ဆိုရင်ဟုတ်တုတ်တုတ်ရယ်။ ကဲ. . . အိပ်ပြီဗျာ"

ဖိုးမောင်ရော ဘထွေးဝင်းမောင်ပါ ပစ်လှဲချပြီးအိပ်ပစ်လိုက်သည်။ ဘကြီးကျော်စိန်ကတော့ မအိပ်သေးဘဲထိုင်နေပြီး-

"အံ့သြတယ်၊ ထူးဆန်းတယ်နဲ့ သတိဝီရိယတော့မလစ်နဲ့ကွ။ မင်းတို့လဲ ဘုရားလေးဘာလေးမကန်တော့ဘူး။ ကဲ. . . ငါကတော့ ဘုရားရှိခိုးပြီးမှ အိပ်တော့မယ်"

ဘကြီးကျော်စိန်က ပြောပြီးပြီးချင်း ဩကာသကန်တော့ချိုးကို တိုးတိုးလေးလေးသံဖြင့် ရှိခိုးကန်တော့နေတော့သည်။ ထိုစဉ်မှာပင် အိမ်အပေါ်ထပ်မှ ကြမ်းပြင်ကို တဗုန်းဗုန်းပုတ်သံတချို့ကြားလိုက်ရသည်။

"အောက်ကလူကြီး ဘာတွေရွတ်နေတာလဲ။ ပါးစပ်က ဘာတွေဆိုနေတာလဲ။ ဒီမှာ ကလေးနေမကောင်းပါဘူးဆိုမှ အသံကစူးနေတာပဲ"

ဖိုးမောင်မှာ အပေါ်ထပ်ကမိန်းမ၏အော်သံကြောင့် လှဲနေရာမှ ခေါင်းထောင်မိလျက်သားဖြစ်သွားသည်။ ဘကြီးကျော်စိန်မှာ ခေတ္တမျှ အသံတိတ်သွားပြီး ဖိုးမောင်ကို လှမ်းကြည့်နေပြန်သည်။ ထို့နောက် ဘကြီးကျော်စိန်က လက်ဆယ်ဖြာကိုနဖူးပေါ်ပြန်တင်၍ ဘုရားရှိခိုးခြင်းအမှုကို ကျယ်လောင်စွာ အသံကုန်ရွတ်ဆိုလိုက်ပါတော့သည်။ ဘုရားရှိခိုးသံစူးစူးကြောင့် ဘထွေးဝင်းမောင်လည်း ငုတ်တုတ်ထထိုင်လိုက်သည်။ အပေါ်ထပ်ဆီမှ ဒုန်းဒုန်းဒိုင်းဒိုင်းအသံများ ကျယ်လောင်စွာ မြည်ဟည်းလာပြီးနောက် အိမ်ကြီးတွင် ထွန်းညှိထားသောမီးများမှာ တစ်ခုပြီးတစ်ခု အလင်းရောင်မဲ့ပြီးမှိန်၍ကွယ်ပျောက်သွားသည်။ ပြတင်းပေါက်မှလှမ်းမြင်နေရသော ရွာတန်းတစ်လျှောက်ရှိ အလင်းရောင်များလည်း ဖြည်းဖြည်းချင်းမှောင်ကျသွားတော့သည်။ ထူးခြားမှုအခြေအနေများကြောင့် ဖိုးမောင်တို့သုံးဦးစလုံး လက်အုပ်ကိုယ်စီချီ၍ ရွတ်ဖတ်တတ်သမျှ ဘုရားစာနှင့် ဂါထာတော်များကို အသံမြှင့်ပြီးရွတ်ဆိုလိုက်ကြသည်။ အမှောင်ပိတ်နေသည့်အိမ်ကြီးမှာ ခုနက အနေအထားမျိုးမဟုတ်တော့ဘဲ တိမ်ရိပ်တိမ်ဆင်များ ရွေ့လျားကြသလို ဖြည်းဖြည်းချင်းပြိုကျပြီး ကွယ်ပျောက်၍သွားပါတော့သည်။ ဖိုးမောင်တို့သုံးဦးမှာ သစ်သားခင်းထားသော ကြမ်းပြင်ဆီမှ မြေစိုင်မြေခဲများအလား မြေသားမာမာတစ်ခုပေါ်သို့ ရောက်ရှိသွားကြပြီး ပတ်ပတ်လည်တွင် ချုံနွယ်ကြီးများဖြစ်နေသော ဆူးရစ်ချုံကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားသည်။ ထိုဆူးရစ်ချုံကြီးအတွင်းမှ သုံးဦးသား ဆူးများအစူးခံပြီး တိုးထွက်၍လာခဲ့ရသည်။ ခဲခဲယဉ်းယဉ်းတိုးထွက်လာပြီးခါမှ အပြင်ဘက်သို့ရောက်လာကြသည်။ အပြင်ရောက်သည်နှင့် အနည်းငယ်မျှရှိသော ကြယ်အလင်းရောင်နှင့် ပတ်ဝန်းကျင်သို့ ကြည့်ရှုလိုက်ရာ ခပ်လှမ်းလှမ်းမနီးမဝေးတွင် အဖြူရိပ်သဏ္ဌာန် လေး၊ ငါး၊ ခြောက်ခုကို မြင်လိုက်ရသည်။ သေသေချာချာစိုက်ကြည့်သောအခါမှ အုတ်ဂူများဖြစ်ကြောင်း သိလိုက်ရသည်။

"ဘကြီးကျော်စိန်ရေ ကျုပ် ကျုပ် ကြောက်နေပြီဗျာ။ ကျုပ်တို့တောခြောက်ခံနေရတာလား။ သေ သေရတော့မှာလား ဟီး. . . ဟီး"

"ဟာ ဖိုးမောင်ရာ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ။ တိတ်စမ်းပါကွာ။ ဟိုမှာကြည့်စမ်း မီးရောင်လေးတစ်ခုလက်နေတယ်။ ငါတို့ အဲဒီကို သွားကြမယ်"

ဖိုးမောင်အဖို့ ဘာမှ စောဒကမတက်နိုင်တော့ပေ။ ယောကျ်ားသားပေမဲ့ ကြောက်နေသည်သာသိတော့သည်။ ဘကြီး၊ ဘထွေးတို့နောက်ကသာ ကြောက်အားပိုသည့်စိတ်နှင့် လိုက်ပါလာရသည်။ မြင်နေရသည့် မီးရောင်လဲ့လဲ့မှာ အင်းသူကြီးတဲတစ်ခုဖြစ်နေပြီး ဖိုးမောင်တို့လူစုကိုမြင်တော့ အင်းသူကြီးမှာ အလွန်တရာအံ့သြပြီး တဲအတွင်းသို့ ဝင်နားစေပါတော့သည်။ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ပြီး ထိုတဲလေးတွင် မိုးအလင်းထိ နေခွင့်ပြုရန်တောင်းဆိုရသည်။

"အေးပါ မိုးအလင်းထိနေနေ၊ နောက်တစ်ညပါ ထပ်အိပ်အိပ် ရပါတယ်။ ဖားရိုက်ထွက်တာကော ဟုတ်ကြရဲ့လား။ အင်းထဲ ငါးလာရှာတာတော့မဟုတ်ပါဘူးနော်"

"ဟာ မဟုတ်ရပါဘူး အင်းသူကြီးရယ်။ ကျုပ်တို့ တကယ်ဖားရိုက်ထွက်ကြတာပါ။ အင်းသူကြီးရဲ့ငါးတွေကို မျက်စိလေးနဲ့တောင် မပြစ်မှားခဲ့ပါဘူး။ ဘုရားပေးပေးကျမ်းပေးပေးပါ ကျိန်ပြောရဲပါတယ်"

"ဖားရိုက်ထွက်ရင်း အခုလိုဖြစ်ရတာပါ အင်းသူကြီးရယ်။ တကယ်ပါ"

"အဲဒီလောက်လဲ ပြောမနေကြပါနဲ့။ မင်းတို့ မသေကောင်း မပျောက်ကောင်း တစ်ခုခုအမှားအယွင်းရှိပြီး ကျတ်ကုန်းကိုရောက်သွားတာနေမှာပေါ့။ ဒီရွာနီးချုပ်စပ်မှာ ကျတ်ကုန်းကရှိတယ်။ မကြာမကြာ လူတွေကြုံတွေ့ကြရတယ်။ မင်းတို့ ဘာသာရေးအသိလေးနဲ့ မမေ့မလျော့ ဘုရားရှင်တော်မြတ်ကိုရည်မှန်းပြီး ရှိခိုးပူဇော်တယ်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်ကိုရည်မှန်းပြီး နှုတ်ကနေဂါထာတော်တွေကို ရသလောက်ရွတ်ဆိုလို့ ဘေးဆိုး၊ ကပ်ဆိုးကလွတ်မြောက်လာရတာပဲ။ ငါက အကုသိုလ်နဲ့ အသက်မွေးဝမ်းကျောင်းပြုပေမဲ့ ဘာသာရေးကို တလေးတစားလုပ်တဲ့အတွက် တော်ရုံကို ကြောက်လဲမကြောက်ဘူး။ ကြုံလဲမကြုံခဲ့ရဘူး။ ကဲ. . . စိတ်အေးချမ်းသာစွာအိပ်ကြပါ။ မနက်ကျမှ ကိုယ့်ရွာကိုယ်ပြန်ကြပေါ့ ဟုတ်ပြီလား"

ဖိုးမောင်တို့လူစု မနက်လင်းအားကြီးမှ မိမိတို့ရွာနှင့် နှစ်ရွာကျော်အင်းသူကြီးတဲမှ ရွာသို့ပြန်လာခဲ့ကြရတော့သည်။ ရွာသို့ ပြန်ရောက်သောအခါ လူစုလူဝေးဖြစ်ပြီး ဖိုးမောင်တို့ကို အရှာထွက်၍ပြန်လာသော လူစုနှင့်တွေ့ရသည်။ ဖိုးမောင်၏မိသားစုများမှာ ဖိုးမောင်ကို မသေကောင်းမပျောက်ကောင်းဟုဆိုကာ ဖက်ပြီးငိုယိုကြသည်ထိဖြစ်ခဲ့သည်။ ထိုအဖြစ်အပျက်များနောက်ပိုင်း ဖိုးမောင်ကိုယ်တိုင်လည်း မည်သည့်အခါမျှ ညဘက်ထွက်၍ ဖားမရိုက်တော့သလို အကုသိုလ်အလုပ်များလည်း တတ်နိုင်သလောက်ရှောင်ရှား၍ ကောင်းသောအသက်မွေးမှုဖြင့် ရှင်သန်ခဲ့ပါတော့သည်။

(၆)

ယခုတော့ ဖိုးမောင်မှသည် ဦးဖိုးမောင်ဖြစ်ခဲ့သည်။ မိုးရွာသောညတစ်ညတွင် ဖားရိုက်ထွက်ရင်း ရောက်ခဲ့ရသော ကျတ်ကုန်းရွာတစ်ရွာကို မကြာခဏအမှတ်ရနေမိသည်။ အကယ်၍များ ထိုညက ဖိုးမောင်တို့လူစု ပင်ပန်းမှုကြောင့် နှစ်ခြိုက်စွာအိပ်ပျော်ခဲ့ပါလျှင်. . .။

## နွာညိုလှတဲ့ ပြာသိုလ

\- ငွေနှင်းက စိုစို
လပြာသို မြင်းခင်းပွဲ၊
များစစ်သည် စစ်လေ့ကျင့်
မြှင့်တင်ဆင်နွှဲ။

\- မြောက်လေပြန် ကြမ်းကာကဲလို့
လွှမ်းဖြာဝဲ ပန်းခွာညို
ဖူးပွင့်စိမ်းစို၊
ရန့်မွှေး ကောင်းခြင်းပို
ပေါင်းသင်းထိုထို များရသေ့၊
ရှင်တစ်ထောင် ပွဲတော်သွင်း
ကျင်းပပါပေ့။

\- ပြည်မြန်မာ ဓလေ့ပါ
မမေ့ကြ မိဘဂုဏ်၊
ရိုသေကာ ကောင်းစရိုက်နှင့်
ဦးခိုက်ကြပုံ၊
အမေများနေ့ မေတ္တာခြုံ
ချစ်သဒ္ဒါစုံ ပြည်တစ်ဝန်း၊
ကောင်းမှုဝေ အလှုထပ်
လပြတ်ငြိမ်းချမ်း။ ။

ငြိမ်းချမ်းအောင်(နောင်ကြီး)

## အုတ်ဖိုမြို့နယ် အဘိုးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဘိုးအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာကျင့်သုံးရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုတ်ဖိုမြို့နယ် အဘိုးအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၃၄ ဒသမ ၆၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ၅ ဒသမ ၁၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၀၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၈၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# MAI လေကြောင်းလိုင်းက ရန်ကုန်-မန္တလေးခရီးစဉ် ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်



**ရန်ကုန် ဒီဇင်ဘာ ၂၃**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (Myanmar Airways International-MAI) လေကြောင်းလိုင်းက ရန်ကုန်-မန္တလေးခရီးစဉ် ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်း၏ ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် MAIလေကြောင်းလိုင်းက ရန်ကုန်-မန္တလေးခရီးစဉ်ကို နေ့စဉ်တစ်နေ့လျှင် သုံးကြိမ်ပုံမှန်ပျံသန်းပြေးဆွဲပေးလျက်ရှိရာ လာမည့် နှစ်သစ်ကူးကာလတွင် ရန်ကုန်-မန္တလေး လေယာဉ်ခရီးစဉ်ဖြင့် ခရီးသွားလာကြမည့် ခရီးသည်များ အဆင်ပြေစေရန်အတွက် ရန်ကုန်-မန္တလေး ခရီးစဉ်များကို ဒီဇင်ဘာ ၂၆ ရက်၊ ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် တစ်ကြိမ်ထပ်တိုးပျံသန်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထပ်တိုးပျံသန်းပြေးဆွဲပေးမည့်ရက်များတွင် ရန်ကုန်မြို့မှ နံနက် ၁၁ နာရီတွင် ထွက်ခွာကာ မန္တလေးမြို့သို့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး မန္တလေးမြို့မှ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်သည်။

လက်ရှိတွင် MAIလေကြောင်းလိုင်းအနေဖြင့် ရန်ကုန်မြို့မှ ပြည်နယ်ဒေသ ခရီးစဉ်များဖြစ်သည့် ရန်ကုန်-လားရှိုး၊ ရန်ကုန်-ဟဲဟိုး၊ ရန်ကုန်-ပူတာအို၊ ရန်ကုန်-မြစ်ကြီးနားနှင့် ရန်ကုန်-ကျိုင်းတုံ ခရီးစဉ်များကိုလည်း ပျံသန်းပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်-လားရှိုးခရီးစဉ်ကို နေ့စဉ်၊ ရန်ကုန်-ဟဲဟိုး ခရီးစဉ်ကိုနေ့စဉ်၊ ရန်ကုန်-ပူတာအို ခရီးစဉ်ကို အပတ်စဉ်အင်္ဂါ၊ ကြာသပတေးနှင့် စနေ တစ်ပတ်လျှင် သုံးရက်၊ ရန်ကုန်-မြစ်ကြီးနား ခရီးစဉ်ကို နေ့စဉ်နှင့် ရန်ကုန်-ကျိုင်းတုံ ခရီးစဉ်ကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေး တစ်ပတ်လျှင် သုံးရက် ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

MAI လေကြောင်းလိုင်း၏ လေယာဉ်လက်မှတ်များကို www.maiair.com နှင့် www.airkbz.com တွင် ကိုယ်တိုင်ဝယ်ယူနိုင်ပြီး စုံစမ်းမေးမြန်းလိုပါက Facebook Messenger မှတစ်ဆင့် လာရောက် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (၃၃၆)

# လက်ပံတန်းမြို့နယ် အောင်လံကုန်းကျေးရွာ၌ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**လက်ပံတန်း ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်လံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ၄၀၀ ဗို့ဓာတ်အားလိုင်းပေ ၁၁၀၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေး ကော်မတီဝင်များနှင့်အတူ အောင်လံကုန်းကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၁၁၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အောင်လံကုန်းကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၁၁၀၀ သွယ်တန်းခြင်းလုပ်ငန်းကို လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့်ဝန်ထမ်းများ၊ လက်ပံတန်းမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း၍ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းသွယ်တန်းခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် ကျေးရွာလူထုကိုယ်တိုင် နိုဝင်ဘာ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှုကြောင့် အောင်လံကုန်းကျေးရွာရှိ အိမ်ထောင်စု ၂၀၇ စု၊ လူ ၇၉၁ ဦး ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးထံမှ သိရသည်။

**သန္တာ**

# စလင်းမြို့နယ် ကြူဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့ချောင်းဖြူကျေးရွာအုပ်စု ကြူဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၆၅ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိနှင့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။



ကြူဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော အိမ်ထောင်စု ၁၂၁ စုအတွက် ငွေကျပ် ၅၃ ဒသမ ၆၅ သန်းထုတ်ချေးပေး၍ မိသားစုဝင်ငွေများ တစ်ဖက်တစ်လမ်းမှ တိုးပွားစေရန် ငွေကြေးသာမက အခြားလိုအပ်သော အကူအညီများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေါင်းစပ်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က ပြောပြ၍ သိရသည်။

**သန်းသန်းရိုး**

# မကွေးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မကွေး ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းမကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော် မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ရာ၌ သတ်မှတ်ထားသော စည်းကမ်းချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စမ်းမကြီးကျေးရွာရှိ အိမ်ထောင်စု ၄၄၆ စုအား မြစိမ်းရောင်ကျေးရွာ စီမံကိန်း မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အထွေး**

# စစ်ကိုင်းမြို့နယ်တွင် လာမည့်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၁၉၈ ဧက စိုက်ပျိုးရန် လျာထား

**စစ်ကိုင်း ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၁၉၈ ဧက စိုက်ပျိုးရန် လျာထားကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ပြီးခဲ့သည့် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၁၂၇ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၁၉၈ ဧက စိုက်ပျိုးရန် လျာထားကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မနှစ်က စစ်ကိုင်းမြို့နယ်မှာ နွေနှမ်းဧက ၂၀၀ စိုက်ဖို့လျာထားတာ ၁၂၇ ဧကပဲ စိုက်ပျိုးနိုင်ခဲ့တာပါ။ လာမဲ့ နွေသီးနှံစိုက်ပျိုးရာသီမှာတော့ နွေနှမ်း ၁၉၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ကြပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

နွေနှမ်းစိုက်ပျိုးရာတွင် နွေနှမ်းတစ်ဧကလျှင် ၁၈ ဒသမ ၄၇ တင်း ထွက်ရှိပြီး နွေနှမ်းတစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း၊ နွေနှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်၊ GAP စနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နွေနှမ်းစိုက်ပျိုးမည့်တောင်သူများကို အသိပညာများပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၄၀၃၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိ ၄၀၂၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ (၂၀၆)

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ဘောက်ဆင်ဒေးမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အသင်းလိုက်ကစားအားကောင်းပြီး ခံစစ်ပိုင်းတည်ငြိမ်မှုရှိတဲ့ ဘရန့်ဖို့ဒ်၊ နယူးကာဆယ်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L



လက်ရှိမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကြောင့်ရပ်နားထားရတဲ့ အမှတ်ပေးပွဲစဉ်တွေကို ခရစ္စမတ်အလွန် ဒီဇင်ဘာ ၂၆ ရက်မှာ ပြန်လည်ကျင်းပသွားမှာဖြစ်ပါတယ်။ အဲဒီထဲက ပရီးမီးယားလိဂ်ပြိုင်ပွဲက အစောဆုံးပြန်လည်ကျင်းပသွားမှာဖြစ်ပြီး ကျန်အမှတ်ပေးပြိုင်ပွဲတွေကတော့ ဒီဇင်ဘာ ၂၈၊ ၂၉၊ ၃၀ ရက်တွေမှာ ပြန်လည်စတင်မှာကိုတွေ့ရမှာပါ။ လာမဲ့တနင်္ဂနွေနေ့မှာတော့ ခရစ္စမတ်နေ့ဖြစ်တာကြောင့် ဘောလုံးပြိုင်ပွဲတွေရပ်နားထားတာဖြစ်လို့ တနင်္လာနေ့ ဘောက်ဆင်ဒေးမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက ခံစစ်ကစားပုံကောင်းမွန်ပြီး ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့အသင်းတွေကိုပဲ အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။

### ဘရန့်ဖို့ဒ်နဲ့ လက်တွဲရမှာပါ

တနင်္လာနေ့ညမှာ ကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဘရန့်ဖို့ဒ်နဲ့ စပါးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရန့်ဖို့ဒ်အသင်းဟာ ကမ္ဘာ့ဖလားမတိုင်မီကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့ နောက်ဆုံးပရီးမီးယားလိဂ်ပွဲစဉ်မှာ အဝေးကွင်းကစားရပေမဲ့ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းကို တန်ပြန်တိုက်စစ်တွေကနေဖိအားပေးနိုင်ခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဘရန့်ဖို့ဒ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းခုနစ်ပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး သူတို့ရှုံးနိမ့်ခဲ့တာကလဲ အာဆင်နယ်အသင်းကိုသာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာတော့ တိုက်စစ်ပိုင်းက သွင်းဂိုး ၁၃ ဂိုးထိသွင်းယူနိုင်ခဲ့သလို ခံစစ်ပိုင်းက ပေးဂိုးခုနစ်ဂိုးသာရှိခဲ့တာကြောင့် ဘရန့်ဖို့ဒ်အသင်းက အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အသင်းထဲမှာပါဝင်နေတာကို သတိပြုရမှာပါ။

သူတို့အသင်းအနေနဲ့ လက်ရှိ ပရီးမီးယားလိဂ်အမှတ်ပေးဇယားအဆင့်(၁၀)မှာရောက်နေပေမဲ့ တန်းဆင်းဇုန်ကအသင်းနဲ့ ရမှတ်ခြောက်မှတ်သာ ကွာဟမှုရှိတာကြောင့် တန်းမဆင်းရရေးအတွက် အသင်းကြီးတွေနဲ့တွေ့ဆုံချိန်မှာ အနည်းဆုံးရမှတ်ခွဲယူနိုင်အောင်ကြိုးစားနေတာကို တွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းတိုက်စစ်ကိုတော့ တိုနေးနဲ့ မီဘူမိုတို့က ဦးဆောင်နေပြီး တိုနေးက သွင်းဂိုး ၁၀ ဂိုးနဲ့ အသင်းရဲ့ဂိုးသွင်းအများဆုံးကစားသမားဖြစ်သလို ပရီးမီးယားလိဂ်ရဲ့ ဂိုးသွင်းအများဆုံးကစားသမားစာရင်းမှာလဲ တတိယမြောက်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဒဏ်ရာရကစားသမားငါးယောက်ထိရှိပေမဲ့ အဓိက ကစားသမားတွေပါဝင်နိုင်မှာဖြစ်လို့ စပါးအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်မှာ သေချာပါတယ်။

နည်းပြကွန်တီရဲ့စပါးအသင်းကတော့ ဘောလုံးရာသီမစတင်ခင်ကတည်းက ကစားသမားသစ်ခေါ်ယူမှုအများအပြားပြုလုပ်ခဲ့ပေမဲ့ နောက်ပိုင်းမှာ အသစ်ခေါ်ယူထားတဲ့ ရစ်ချာလီဆန်၊ ဘန်တန်ကာတို့ ဒဏ်ရာပြဿနာကြုံခဲ့သလို အဓိကကစားသမားဖြစ်တဲ့ ဆွန်ဟောင်မင်နဲ့ ကူလူဆက်စကီးတို့လဲ ဂိုးရဖို့ရုန်းကန်ခဲ့ရတာကြောင့် စပါးအသင်း ရလဒ်ပိုင်းကျဆင်းသွားခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် စပါးအသင်းဟာ ပရီးမီးယားလိဂ်မှာ အဆင့်(၄)နေရာထိ ရောက်ခဲ့သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ အုပ်စုအဆင့်က ကျော်ဖြတ်နိုင်ဖို့ အသည်းအသန်ကြိုးပမ်းခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ ကွာရာဘောင်းဖလားတတိယအဆင့်ပွဲစဉ်မှာတော့ နော်တင်ဟမ်အသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ အဝေးကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခွာခဲ့ရတာပါ။ သူတို့အသင်းအနေနဲ့ အဓိကကစားသမားတွေဒဏ်ရာရနေချိန် အောက်တိုဘာလအတွင်းက ကစားခဲ့တဲ့ မန်ယူအသင်း၊ နယူးကာဆယ်အသင်းတို့ပွဲစဉ်ကို ဆက်တိုက်ရှုံးနိမ့်ခဲ့တာကြောင့် ၁၅ ပွဲကစားအပြီးမှာ ရမှတ် ၂၉ မှတ်သာရရှိခဲ့လို့ နယူးကာဆယ်အသင်းရဲ့ဦးဆောင်မှုကို ခံလိုက်ရတာဖြစ်ပါတယ်။

စပါးအသင်းရဲ့ ကစားသမားအများစုဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နိုင်ငံအသင်းအတွက် ရွေးချယ်ခံရတဲ့ကစားသမားများပြားခဲ့ပြီး အဲဒီထဲက ဝေးလ်အသင်းက ဘန်ဒေးဗစ်၊ ဥရုဂွေးအသင်းက ဘန်တန်ကာ၊ ဘရာဇီးအသင်းက ရစ်ချာလီဆန်တို့ဟာ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒါ့ပြင် ဆွန်ဟောင်မင်၊ ဟယ်ရီကိန်း၊ အဲရစ်ဒိုင်ယာတို့သာ အသင်းနဲ့ပြန်လည်ပူးပေါင်းနိုင်ပေမဲ့ ပါရီဆစ်၊ ဂိုးသမားလိုရစ်၊ ခံစစ်ကစားသမား ရိုမီရိုတို့ဟာ ကမ္ဘာ့ဖလားနောက်ဆုံးပွဲစဉ်တွေထိ ကစားခဲ့ရတာကြောင့် လာမဲ့ပွဲစဉ်တွေမှာ ပါဝင်ဖို့မသေချာသေးပါဘူး။ လက်ရှိ နည်းပြကွန်တီကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းဂိုးရဖို့ ၃-၄-၃ ကစားကွက်ကို အထိုင်ချကစားနေပေမဲ့ တိုက်စစ်မှူးဟယ်ရီကိန်းကလွဲရင် ကျန်ကစားသမားတွေက ဂိုးရဖို့ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာ စပါးအသင်းက ဘန်တန်ကာ၊ ရစ်ချာလီဆန်၊ အိုလီဗာစကစ်၊ စပန်ဆီတို့ ပါဝင်နိုင်မှာမဟုတ်ပါဘူး။

အခုပွဲစဉ်မှာ စပါးအသင်းဟာ ဘရန့်ဖို့ဒ်အသင်းထက် ကစားသမားစုဖွဲ့မှုသာလွန်တယ်ဆိုပေမဲ့ ဒဏ်ရာရ၊ ပွဲပယ်တွေများနေတာကြောင့် အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့ ဘရန့်ဖို့ဒ်နောက်တန်းကို ခြိမ်းခြောက်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာပါ။ ဒါ့ပြင် စပါးအသင်းရဲ့ ခံစစ်ကစားပုံကျဆင်းနေမှုနဲ့အတူ အဓိကဂိုးသမားလိုရစ်လဲ ပါဝင်ဖို့မသေချာတာကြောင့် ဘရန့်ဖို့ဒ်အသင်းကို ဂိုးပေးရဖို့သေချာနေပြီး အိမ်ကွင်းမှာ အနည်းဆုံး ရမှတ်ခွဲယူဖို့ကြိုးစားလာမဲ့ ဘရန့်ဖို့ဒ်နဲ့ပဲ လက်တွဲရမှာပါ။

**ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | ဂျီလင်ဟမ် |
| မန်စီးတီး | ၁ | - | ၂ | ဘရန့်ဖို့ဒ် |
| ဘော်ဒိုး | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| ဆဲလ်တာဗီဂို | ၃ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | ဝုဖ်ဘတ် |

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၁ | - | ၂ | လီဗာပူး |
| နော်တင်ဟမ် | ၂ | - | ၀ | စပါး |
| စပါး | ၄ | - | ၃ | လိဂ် |
| စပါး | ၄ | - | ၀ | မားသားဝဲလ် |
| စပါး | ၁ | - | ၁ | နိုက် |

### နယူးကာဆယ်ကို အားပေးရမှာပါ

တနင်္လာနေ့မှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ လက်စတာနဲ့ နယူးကာဆယ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြရော်ဂျာရဲ့ လက်စတာအသင်းဟာ ခံစစ်ကစားသမားတွေ ဒဏ်ရာရနေတာကြောင့် ရာသီအစမှာရလဒ်ကောင်းဖို့ရုန်းကန်ခဲ့ရသလို တန်းဆင်းဇုန်ထိရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ အဲဒီနောက်ပိုင်းမှာ နည်းပြရော်ဂျာအနေနဲ့ ရာထူးကနေနုတ်ထွက်ဖို့ ပရိသတ်တွေရဲ့ဖိအားပေးမှုကိုခံခဲ့ရပေမဲ့ အောက်တိုဘာလကစလို့ နော်တင်ဟမ်ကို လေးဂိုးပြတ်နိုင်ပွဲရပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာခဲ့ရတာကို တွေ့ရမှာပါ။ အဲဒီနောက်ပိုင်းပွဲစဉ်တွေမှာတော့ ပြိုင်ပွဲစုံမှာ ဘုန်းမောက်အသင်းနဲ့ မန်စီးတီးအသင်းတို့ကိုသာရှုံးနိမ့်ခဲ့ပြီး ကျန်ပွဲစဉ်တွေကို သရေနဲ့အနိုင်ရလဒ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လက်စတာအသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ ရမှတ် ၁၇ မှတ်ထိရခဲ့တာကြောင့် အဆင့်(၁၃) ထိ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တန်းဆင်းဇုန်ထဲက နော်တင်ဟမ်အသင်းနဲ့ ရမှတ်လေးမှတ်သာကွာဟတာကြောင့် လာမဲ့ပွဲစဉ်တွေဟာ သူတို့အသင်းအတွက် အရေးကြီးနေတာကို တွေ့ရမှာပါ။

လက်စတာအသင်းဟာ အခုရာသီအမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းခုနစ်ပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုးကိုးဂိုးနဲ့ ခံစစ်ပိုင်းပေးဂိုး ခြောက်ဂိုးထိခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းရဲ့ ခြေစွမ်းပြကစားသမားတွေကလဲ ကွင်းလယ်ပိုင်းက တိုင်လီမန်နဲ့မက်ဒီဆင်တို့သာဖြစ်ပြီး မက်ဒီဆင်က သွင်းဂိုးခုနစ်ဂိုးနဲ့ ဂိုးဖန်တီးမှုလေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူးဗာဒီကတော့ အခုပြိုင်ပွဲမှာ သွင်းဂိုးတစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ဒါကာက သုံးဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ကွင်းလယ်ကစားအားကောင်းတဲ့နယူးကာဆယ်အသင်းအနေနဲ့ လက်စတာအသင်းရဲ့ကွင်းလယ်ပိုင်းကို အခက်အခဲမရှိထိန်းချုပ်နိုင်မှာ သေချာပါတယ်။

နည်းပြဟိုဝီရဲ့ နယူးကာဆယ်အသင်းဟာ အခုရာသီမှာ ဂိုးသမားနစ်ပုပ်၊ ခံစစ်ကစားသမားဘော့မန်း၊ တိုက်စစ်မှူးအစ်ဆက်ခ်တို့ကို ခေါ်ယူနိုင်ခဲ့တာဟာ မှန်ကန်တဲ့လုပ်ရပ်လို့ဆိုရမှာပါ။ အဲဒီကစားသမားတွေကြောင့် နယူးကာဆယ်အသင်းရဲ့ ခံစစ်ကစားပုံတည်ငြိမ်လာခဲ့သလို တိုက်စစ်ပိုင်းထက်မြက်လာတာကိုသတိပြုရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ပရီးမီးယားလိဂ် ၁၅ ပွဲကစားအပြီးမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့သလို ခံစစ်ပိုင်းကလဲ ပေးဂိုး ၁၁ ဂိုးသာခွင့်ပြုခဲ့ရပြီး ပေးဂိုးအနည်းဆုံးအသင်းအဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းအနေနဲ့တိုက်စစ်မှူးအစ်ဆက်ခ်ဒဏ်ရာကြောင့်မပါဝင်နိုင်ပေမဲ့ သူ့နေရာမှာ အယ်မီရွန်၊ စိန့်မက်ဆီမန်တို့က ခြေစွမ်းပြကစားနေပြီး အယ်မီရွန်ဟာဆိုရင် သွင်းဂိုးရှစ်ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ နယူးကာဆယ်နည်းပြဟိုဝီဟာ ပြိုင်ပွဲစုံကို ၄-၃-၃ ကစားကွက်နဲ့ပွဲထွက်လေ့ရှိပြီး ဒီကစားကွက်မှာ တိုက်စစ်ပိုင်းလိုက်ပါကစားရတဲ့ အယ်မီရွန်နဲ့ ဝီလော့တို့ဟာ ကွင်းလယ်ပိုင်းက ဂွီမာရေ့စ်၊ ခံစစ်ပိုင်းက ထရစ်ပီယာတို့နဲ့ ချိတ်ဆက်ကစားနိုင်တာကြောင့် တိုက်စစ်ကစားပုံ ထက်မြက်နေတာကိုတွေ့ရမှာပါ။

လက်ရှိ သူတို့အသင်းခံစစ်ပိုင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၁၀ ပွဲမှာ ပေးဂိုးလေးဂိုးသာရှိခဲ့တာကြောင့် ခံစစ်အနေနဲ့လဲ အပြစ်ဆိုစရာမရှိပါဘူး။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုမှာ လက်စတာက အသာရထားပေမဲ့ နယူးကာဆယ်အသင်းဟာ အသင်းပိုင်ရှင်ပြောင်းလဲပြီးနောက်ပိုင်း ယခင်တွေ့ဆုံခဲ့စဉ်ကခြေစွမ်းမျိုးမဟုတ်ဘဲ ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းရှိနေတဲ့အသင်းဖြစ်လို့ လက်စတာအသင်းအသာရဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဥရောပဝင်ခွင့်တစ်နေရာအတွက် နိုင်ပွဲဆာလောင်နေတဲ့ နယူးကာဆယ်အသင်းကိုပဲ အားပေးရမှာပါ။

**လက်စတာအသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၀ | - | ၂ | လက်စတာ |
| လက်စတာ | ၃ | - | ၀ | နယူးပို့စ် |
| ဝက်စ်ဟမ်း | ၀ | - | ၂ | လက်စတာ |
| လက်စတာ | ၀ | - | ၀ | ထရှိုင်းယက် |
| မီတန် | ၀ | - | ၃ | လက်စတာ |

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၀ | - | ၀ | ပဲလေ့စ် |
| နယူးကာဆယ် | ၁ | - | ၀ | ချဲလ်ဆီး |
| အယ်ဟိုင်လာ | ၀ | - | ၅ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၁ | ဗယ်လ်ကာနို |
| နယူးကာဆယ် | ၁ | - | ၀ | ဘုန်းမောက် |

# ပဲခူးတိုင်းဒေသကြီးတွင် Smart City Project လုပ်ငန်းများ ဆောင်ရွက်မည်




**ပဲခူး ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီးတွင် Smart City Project လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ပြည်မြို့၊ သာယာဝတီခရိုင်တွင် သာယာဝတီမြို့၊ ညောင်လေးပင်ခရိုင်တွင် ညောင်လေးပင်မြို့နယ်နှင့် နတ်တလင်းခရိုင်တွင် နတ်တလင်းမြို့တို့၌ Smart City Project ကိုအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ပြည်မြို့တွင် Smart City Project တိုးချဲ့လုပ်ငန်းတစ်ခု၊ သာယာဝတီမြို့တွင် Smart City Project လုပ်ငန်းနှစ်ခု၊ ညောင်လေးပင်မြို့တွင် Smart City Project လုပ်ငန်းသုံးခုနှင့် နတ်တလင်းမြို့တွင် Smart City Project လုပ်ငန်းလေးခုတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားဝင်လိုင်စင်ရ လုပ်ငန်းကုမ္ပဏီများကို အိတ်ပိတ်တင်ဒါ ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Smart City Project လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသည့် တရားဝင်လုပ်ငန်းလိုင်စင်ရ ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါအဆိုပြုလွှာများကို ဒီဇင်ဘာ ၂၆ ရက်မှစတင်ကာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဝယ်ယူတင်သွင်းနိုင်ကြောင်း၊ တင်ဒါအဆိုပြုလွှာများတင်သွင်းဆောင်ရွက်ရာ၌ လုပ်ငန်းနှစ်ခု၊ လုပ်ငန်း သုံးခု၊ လုပ်ငန်းလေးခုအတွက် လျှောက်လွှာများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်၊ လုပ်ငန်းတစ်ခုအတွက် လျှောက်လွှာများကို ဇန်နဝါရီ ၁၀ ရက်တွင် နောက်ဆုံးထား ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် Smart City Project ကို ပဲခူးမြို့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကိုရီးယားနိုင်ငံ အကူအညီဖြင့် ဦးစားပေးကဏ္ဍအလိုက် Smart City အဖြစ် အဆင့်မြှင့်တင်ရန် ၂၀၁၇ ခုနှစ်က စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပဲခူးမြို့သည် ကားလမ်း၊ ရထားလမ်းဆုံ မြို့တစ်မြို့ဖြစ်နေသည့်အပြင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းကြီးလည်းရှိနေကြောင်း၊ ထို့ပြင် နိုင်ငံခြားခရီးသွားများစွာ လာရောက်လည်ပတ်နေသည့် မြို့ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ယာဉ်ကြောကျပ်တည်းခြင်းကို ဖြေရှင်းပေးနိုင်ရန် ပဲခူးမြို့အဝင်တက္ကသိုလ် (မြို့ရှောင်လမ်း)လမ်းဆုံမှ ကလိ(မြို့ရှောင်လမ်း) လမ်းဆုံထိမီးပွိုင့်များတွင် CCTV ကင်မရာများ တပ်ဆင်ပြီး Control Center ဖြင့် ထိန်းချုပ်နိုင်မည့် အစီအစဉ်များအကောင်အထည်ဖော်ရန် စီစဉ်ထားကြောင်း သိရသည်။ **ချမ်းချမ်း**

# ပြည်သူလူထုအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူမည့်အခြေအနေများအား ပြည်သူလူထုအသိပညာပေး(Talk Show) ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီ မိနစ် ၃၀ က ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်က နိုင်ငံတစ်နိုင်ငံတွင် လူဦးရေစာရင်းဇယားမှန်ကန်တိကျရန်၊ နိုင်ငံသားများအနေဖြင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးရယူနိုင်ရန်၊ လူဦးရေစာရင်းကွဲလွဲမှုမရှိစေရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။


ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက သိရှိလိုသည်များကို မေးမြန်းရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်က ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(၁၅၂)




**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ ရပ်တည်သွားရမယ့်အခြေခံအချက် နှစ်ခုရှိပါမယ်။ ဒါတွေကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။ နောက်တစ်ခုကတော့ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများကို တွေ့ဆုံစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများကို ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့်ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

